# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၉) ရက် ၊ စနေနေ့ ၊ (23-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။**

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့်ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့်စဝ်အုပ်ဆေး၊ ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်နှင့်စဝ်စိုင်းလျန်းတို့ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


**၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း** စာမျက်နှာ - ၁၈

**ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ၊ ဖော်တော်ယာဉ်လမ်းများ ပုံမှန်ပြေးဆွဲလျက်ရှိ** စာမျက်နှာ - ၂၀



**တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့နှင့် ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၃၆၆ ဒသမ ၉၆၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့** စာမျက်နှာ - ၃၀





ရတနာပုံ
၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# တိုင်းရင်းသားချင်း ကူညီပေးမ မြင့်မြတ်စိတ်ထားများ

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်သို့ ဦးတည်၍ အင်အားအလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် ပြီးခဲ့သည့် မေ ၁၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ မှစတင်၍ ကြမ်းတမ်းစွာဖြတ်ကျော် ဝင်ရောက်ခဲ့သည်။ တိုက်ခတ်ခဲ့သည့် မုန်တိုင်းအရှိန်သည် ယခင် ၂၀၀၈ ခုနှစ်က တိုက်ခတ်ဖူးသော နာဂစ်မုန်တိုင်းထက်လည်း ပြင်းထန်လှသည်။ သို့ပါသော်လည်း မိုခါမုန်တိုင်းအန္တရာယ်ကို နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများ၊ တပ်မတော်တို့က ဟန်ချက်ညီညီ ကြိုတင်ပြင်ဆင်မှု၊ ပြန်လည်ထူထောင်နိုင်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ပါသည်။

မုန်တိုင်းတိုက်ခတ်မှုပြီးနောက် မုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများကို တစ်မြေတည်းနေ တစ်ရေတည်းသောက် မြန်မာပြည်တစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့က တတ်စွမ်းသရွေ့ ပါဝင်ကူညီလှူဒါန်းမှုများ ချက်ချင်းဆောင်ရွက်ကြသည်မှာ လေးစားအားကျချီးကျူးဖွယ်ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက အလှူငွေများ လွယ်ကူအဆင်ပြေစွာ လှူဒါန်းကြနိုင်ရေး မိုဘိုင်းစနစ်၊ ဘဏ်ငွေစာရင်းများ ထုတ်ပြန်ပေးထားရာ ယခုနှစ် ဩဂုတ် ၂၁ ရက်ထိ မြန်မာကျပ်ငွေ ၃၃ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ခုနစ်သိန်းငါးသောင်းကျော်ထိ ရရှိနေပြီဖြစ်ကြောင်း ဆင်းရဲချမ်းသာမရွေး အလှူအတန်း လက်မနှေးသည့် မြန်မာ့စိတ်ထားကို တွေ့မြင်ရပေသည်။

နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသည့် ဘဏ်စာရင်း၊ မိုဘိုင်းစနစ်များတွင်သာမက မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သော နေရာအသီးသီးသို့ ကိုယ်တိုင်သွားရောက် ကူညီလှူဒါန်းကြမှုများကလည်း အများအပြားရှိသည်။ တိုင်းရင်းသားညီနောင်အချင်းချင်း တစ်ဦးတစ်နေရာတွင် ဒုက္ခဖြစ်ပေါ်လျှင် စုပေါင်းညီညွတ်အား၊ ကူညီဖြည့်ဆည်းပေးလိုသည့် စေတနာများသည် အရေးကြီးပါက သွေးနီးသည့် မြန်မာ့စိတ်ထား၊ ကူညီစောင့်ရှောက်ပေးကမ်းလှူဒါန်းလိုစိတ် အမြဲထက်သန်နေသည့် မြန်မာ့စိတ်ထားများကို အထင်အရှား တွေ့မြင်ရခြင်းပင်ဖြစ်သည်။

ထို့ပြင် မြန်မာပြည်သူ မုန်တိုင်းဒဏ်သင့်သူများကို ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ စသည့်နိုင်ငံများ၊ **AHA Centre** တို့မှ စားသောက်ဖွယ်ရာ၊ ဆေးဝါး၊ ဆောက်လုပ်ရေး၊ ကယ်ဆယ်ရေးပစ္စည်းများ အိမ်နီးချင်းမိတ်ဆွေပီသစွာ စာနာထောက်ထားကူညီပေးပို့လှူဒါန်းကြခြင်းသည်လည်း အထူးကျေးဇူးတင်ဖွယ်ကောင်းသော ဆောင်ရွက်မှုများပင်ဖြစ်သည်။

နိုင်ငံအတွင်း ရေဘေး၊ မီးဘေး၊ လေဘေး စသည့် သဘာဝဘေးများကျရောက်တိုင်း နိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများက တတ်စွမ်းသရွေ့ အားသွန်ခွန်စိုက် ကူညီကြသည်မှာ ယနေ့တိုင် တွေ့မြင်နေရဆဲဖြစ်သည်။ မုန်တိုင်းတိုက်ခတ်ပြီးနောက် ယခု လေးလကျော်ကာလအတွင်း နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများ၊ တပ်မတော်တို့၏ စုပေါင်းအင်အားကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့သော နေရာအတော်များများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတော်ပင်ခရီးပေါက်တိုးတက်နေပြီဖြစ်ပေသည်။

မိုခါမုန်တိုင်းသည် အလွန်အင်အားပြင်းထန်လှသော အဖျက်စွမ်းအားကြီး မုန်တိုင်းဖြစ်ပါသော်လည်း နိုင်ငံတော်အစိုးရ၏ ကြိုတင်ပြင်ဆင်နိုင်ခဲ့မှုကြောင့် လူနှင့်ထိခိုက်ပျက်စီးဆုံးရှုံးမှုမှာ မုန်တိုင်းပမာဏနှင့်ယှဉ်လျှင် အနည်းဆုံးသောဖြစ်ခဲ့သည့် ရလဒ်ကောင်းထွက်ပေါ်ခဲ့ပါသည်။ မုန်တိုင်းလွန်၍ ပြန်လည်ထူထောင်ရေးတွင်လည်း တိုးတက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းမှာ နိုင်ငံတော်၊ တပ်မတော်တို့၏ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုသာမက တိုင်းရင်းသားညီအစ်ကိုအားလုံးတို့၏ တစ်ဦးနှင့်တစ်ဦး အခက်အခဲကြုံလျှင် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးတတ်သည့် မြင့်မြတ်သောစိတ်ထားများ၊ အပြန်အလှန် ချစ်ကြည်စည်းလုံးမှုအလှတရားများပင်ဖြစ်ပါကြောင်း မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း မြေပဲဆီဈေးနှုန်းကျဆင်းပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ပေါက်ဈေးရှိနေ



**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး ဈေးကွက်အတွင်း မြေပဲဆီဈေးနှုန်းကျဆင်းပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

မြေပဲဆီဈေးနှုန်းများ ကျဆင်းလာရခြင်းသည် ပြည်၊ ပခုက္ကူ၊ ရေစကြို၊ ကျောက်ပန်းတောင်း၊ နေပြည်တော်၊ တပ်ကုန်း၊ ပျဉ်းမနား စသည့်ဒေသများမှ မိုးမြေပဲများ စတင်ထွက်ရှိကာ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ယခင်လက မြေပဲဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ဈေးရှိခဲ့သော်လည်း လက်ရှိအချိန်တွင် မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ သာရှိပြီး ဈေးနှုန်းကျဆင်းလာကြောင်း၊ မြေပဲဆီဈေးနှုန်းနှင့်အတူ အခြားဆီဈေးများလည်း ကျဆင်းလာကြောင်း သိရသည်။

"အခုအချိန်မှာ မြေပဲဆီဈေးနှုန်းတွေ ဈေးကွက်အတွင်းမှာ ပြန်လည်ကျဆင်းလာပါတယ်။ အခုလိုကျဆင်းလာတာကလဲ မိုးမြေပဲတွေ ထွက်ရှိလာတာကြောင့်ပါ။ အရင်ရက်ပိုင်းက မြေပဲလုံးဆန်အနီ တစ်ပိဿာကို ငွေကျပ် ၁၀၀၀၀ ရှိရာကနေ လက်ရှိမှာ တစ်ပိဿာကို ငွေကျပ် ၇၉၀၀ ထိ ကျလာတယ်။ မြေပဲလုံးဆန်အဖြူက တစ်ပိဿာကို ငွေကျပ် ၈၅၀၀ ရှိရာကနေ အခု တစ်ပိဿာကို ငွေကျပ် ၆၅၀၀ ထိ ကျဆင်းလာတယ်။ မြေပဲဆီဆန်ကလဲ တစ်ပိဿာကို ငွေကျပ် ၆၀၀၀ ဈေးပဲရှိတော့တယ်။ မြေပဲဆီစစ်စစ်ဈေးကလဲ အရင်က တစ်ပိဿာကို ငွေကျပ် ၁၈၀၀၀ ရှိရာကနေ အခု တစ်ပိဿာကို ငွေကျပ် ၁၄၀၀၀ ထိ ကျဆင်းလာတယ်"ဟု စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ နယ်ပေါင်းစုံမှ မြေပဲများ ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါမြေပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှောဝတီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ငြိမ်သက်မှုမရှိဘဲ အလှုပ်အခတ်များနေပြီး တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာကြခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လာကာ ကြိုက်ရောင်းကြိုက်ဝယ် အနေအထားဖြစ်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ယခင်က ငွေကျပ်သိန်း ၁၅၀၀ ခန့် ပေါက်ဈေးရှိသည့် မြေကွက်များမှာ လက်ရှိအချိန်တွင် ငွေကျပ်သိန်း ၂၀၀၀ ခန့်ထိ ရောင်းချလာသော်လည်း အနည်းစုသာ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေ ဈေးကွက်ထဲကို တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူတွေ ဦးလှည့်လာကြတာကို တွေ့ရတယ်။ အဲဒီလိုတွေကြောင့် အလှုပ်အခတ်တွေများနေတာပါ။ ဈေးတွေကလဲ တစ်ရက်နဲ့တစ်ရက် မတူဘူး။ ဒီနေ့ ဒီဈေးပြောထားပေမဲ့ နောက်နေ့ အဲဒီဈေးရချင်မှရတော့မယ်။ ဈေးတွေက မငြိမ်ဘူး။ အခု ဈေးကွက်က ပေါက်ဈေးစနစ်ထက် ရောင်းသူစိတ်ကြိုက် ခေါ်ဈေးဖြစ်နေတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

ထိုသို့ဖြစ်နေရခြင်းမှာ အိမ်ခြံမြေ၊ ကားဈေးကွက်များဘက်သို့ ရင်းနှီးမြှုပ်နှံလိုသူများ ဝယ်ယူမှုများလာခြင်းကြောင့် ဈေးကောင်းလာရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ငှားရမ်းမှုများတွင်လည်း အကျယ်အဝန်းနှင့် အကွက်အကွင်းကောင်းသည့်အပေါ် မူတည်၍ တစ်လလျှင် ငွေကျပ် ၁၀၀၀၀၀ မှ ၁၀ သိန်းခန့်ထိဈေးရှိကာ တစ်လလျှင် ငွေကျပ် ၁၀၀၀၀၀ မှ ၃၀၀၀၀၀ ခန့် ဈေးတန်းများ ငှားရမ်းမှုပို၍များကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း(မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုအေးထံမှ သိရသည်။ (၁၇၃)

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အလုပ်သမား ၁၁၅၂၃၅ ဦးကို လူမှုဖူလုံရေးအာမခံမှတ်ပုံတင်ပေးထား

**မန္တလေး စက်တင်ဘာ ၂၂**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်အလိုက် အလုပ်ရုံများနှင့် အလုပ်ဌာနများမှ အလုပ်သမား ၁၁၅၂၃၅ ဦးကို လူမှုဖူလုံရေး အာမခံအကျုံးဝင် မှတ်ပုံတင်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်အလုပ်သမားဝင်ရောက်ရန်အတွက် သက်ဆိုင်သည့်အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများက ထားရှိကြကြောင်း၊ ထိုသို့ ထားရှိကြရာတွင် ယနေ့ထိ အလုပ်ဌာနပေါင်း ၇၄၂၃ ဌာနမှ အလုပ်သမား ၁၁၅၂၃၅ ဦး လူမှုဖူလုံရေးအာမခံအကျုံးဝင် မှတ်ပုံတင် ထားရှိထားကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း အလုပ်ရုံတွေနဲ့ ဌာနတွေက လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ကို ထားရှိကြပါတယ်။ အာမခံထားရှိတဲ့အတွက်လဲ အကျိုးခံစားခွင့်တွေ ရရှိပါတယ်။ အလုပ်ရှင်၊ အလုပ်သမား လူမှုဖူလုံရေးကို လက်ရှိအကျိုးခံစားနေရတာထက် ပိုပြီး အကျိုးခံစားခွင့်ရရှိအောင် လူမှုဖူလုံရေးကို အကျုံးဝင်မှတ်ပုံတင်ပေးတာဖြစ်ပါတယ်။ အာမခံထားရှိတဲ့အခါမှာလဲ အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ဝင်ငွေထဲကမှ လုပ်ငန်းအလုပ်ရှင်ဌာနက သုံးရာခိုင်နှုန်း၊ အလုပ်သမားတွေက နှစ်ရာခိုင်နှုန်း စုစုပေါင်း ငါးရာခိုင်နှုန်းဖြစ်တဲ့ငွေကို လစဉ်ပေးသွင်းရတာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြောက်ဦးမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြောက်ဦး စက်တင်ဘာ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ မြို့ပြနှင့်ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ တောင်ဦး-ကျီရာပြင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေ၊ မြောက်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းရန်နိုင်သူ၊ မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးစောထွန်းနိုင်၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက တောင်ဦး-ကျီရာပြင် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တောင်ဦး-ကျီရာပြင်လမ်း အရှည် ၁၅၁၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၃ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇွန်လဒုတိယပတ်အတွင်း စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းရန်နိုင်သူက ပြောပြ၍ သိရသည်။

**ကိုသန်း**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၃၂၁၆ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ၊ အဆိုပါ မိုးစပါး ဧကအားလုံး စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ မိုးစပါး ဧက ၂၁၃၀၀၀ ကျော် ထိစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်ခင်အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင်တောင်သူတွေစိုက်ပျိုးတဲ့ မိုးစပါးတွေ အတွက် နှုန်းကောင်းမွန်ဖို့၊ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့တယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်။ စပါးအထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီဖို့အတွက်ကိုလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် မိုးစပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ အထွက်ကောင်းစပါးတွေဖြစ်တဲ့ ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW1၊ GW11 စတဲ့ စပါးအမျိုးအစားတွေကို အများဆုံး စိုက်ပျိုးထားပါတယ်။ ဒီနှစ်မိုးစပါးစိုက်ရာသီ ရာသီဥတုကလဲ ကောင်းမွန်လို့ မိုးစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဝါးခယ်မမြို့နယ်မှ တောင်သူဦးတင်ငွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကော့ကရိတ်မြို့နယ် ဒေါ့ဖျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေါ့ဖျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က မြစိမ်းရောင်ကျေးရွာစီမံကိန်း ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် စီမံကိန်းအသင်းဝင်များ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ဒေါ့ဖျာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၃၃ ဒသမ ၂ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ငွေကျပ် ၅၅ ဒသမ ၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ကွန်ဟိန်းမြို့နယ် နားကန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကွန်ဟိန်း စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက နားကန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအချိန်မီပြီးစီးရန် ဆွေးနွေးမှာကြားသည်။

ကွန်ဟိန်းမြို့နယ် နားကန်းကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၅ ပေ၊ အမြင့် တစ်ပေရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၆၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက စက်တင်ဘာလ ပထမပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရှိုသန်းညွန့်**

# စေတုတ္တရာမြို့နယ် မြေနီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေး

**စေတုတ္တရာ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြေနီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလ သတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြေနီကုန်းကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၁၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးကိုငွေကျပ် ၁၀ ဒသမ ၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေ ကျပ် ၄ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသားအသင်းသူ ၁၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၈၈)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်က တက္ကစီကားမောင်းတဲ့အလုပ် လုပ်ပါတယ်။ အသက် ၄၀ ကျော်ရှိပါပြီ။ အခုရက်ပိုင်းအတွင်း ကားမောင်းရင်းဇက်လေးလာပြီး ငိုက်သလိုဖြစ်လာပါတယ်။ ကားအက်ဆီးဒင့်ဖြစ်မှာစိုးလို့ အထူးသတိထားပြီး မောင်းနေရပါတယ်။ ဘာကြောင့်အဲဒီလိုဖြစ်တာလဲ၊ ဘယ်လိုကုသရမလဲဆရာ။**

ဖြေ ။ ။ ထိုင်ပြီးအာရုံစိုက်အလုပ်လုပ်ရတဲ့သူတွေမှာ နှစ်ကြာလာတဲ့အခါ ဇက်ကျီးပေါင်းတက်ရောဂါဖြစ်လာတတ်ပါတယ်။ ကွန်ပျူတာအကြည့်များတဲ့သူနဲ့ ကားမောင်းရတဲ့သူဟာ အာရုံစိုက်ရတာချင်းအတူတူပါပဲ။ ဇက်ကျီးပေါင်းသက်သာဖို့အတွက် လေ့ကျင့်ခန်းတွေလုပ်ရပါမယ်။ အခန့်မသင့်ရင် ကားမောင်းတဲ့အလုပ်ကို နားသင့်ရင်လဲနားရပါလိမ့်မယ်။ အချို့ဇက်ကျီးပေါင်းတက်ရောဂါတွေမှာ ကုသပေးတဲ့ဆရာက လေ့ကျင့်ခန်းလုပ်ခိုင်း၊ အကြောပြင်ပေး၊ ဇက်မှာ ဆေးကပ်ပေး၊ လိုအပ်ရင် ဇက်ကို Traction နည်းနဲ့ ခဲဆွဲကုသပေးတာတွေ ပြုလုပ်တဲ့အခါ တစ်လလောက်ကုသရင် သက်သာပျောက်ကင်းတယ်လို့ဆိုပါတယ်။ ဇက်ကျီးပေါင်းရှိတဲ့သူတွေဟာ အာရုံစိုက်တဲ့အလုပ်နဲ့ ရေရှည်မှာမသင့်တော်လို့ အခြားအလုပ်ပြောင်းရတာမျိုးလဲ ရှိပါတယ်။ အိပ်ရင်တောင် ခေါင်းအုံးနှစ်လုံးဆင့်အိပ်တာတို့၊ မာကျောတဲ့ခေါင်းအုံးအမြင့်နဲ့အိပ်တာတို့မလုပ်ဘဲ ရှောင်ကြဉ်ရပါမယ်။ ကျီးပေါင်းတက်ရောဂါဆိုတာ အရိုးအဆစ်တွေမှာ သစ်ပင်အပွေးတက်သလို မူမမှန်တဲ့ အဖုအထစ်ထွက်တဲ့ရောဂါဖြစ်ပါတယ်။ ကျီးပေါင်းတက်ရောဂါအမျိုးမျိုးကို တက်တဲ့နေရာအနေအထားလိုက်ပြီး အောက်ပါအတိုင်း သက်သာစေမဲ့ဆေးနည်းတိုတွေကို တင်ပြပေးလိုက်ပါတယ်။

### ဇက်ကျီးပေါင်းတက်ရောဂါ

မုန်ညင်းဆီကို မီးနဲ့ခပ်နွေးနွေးချက်ပြီး ဇက်ကို စိမ့်ဝင်အောင် တစ်နေ့နှစ်ကြိမ် လိမ်းပေးပါ။ သဘော်ရွက်ကိုပျော့အောင် ရေနွေးစိမ်ပြီး ဇက်ပိုးမှာ ကပ်ပေးပါ။ ဇက်ကို တံတောင်ဆစ်နဲ့ ထောက်ပြီး မနှိပ်ရ။ အနှိပ်မခံရ။ ကျီးပေါင်းနဲ့ အကြောညပ်သွားရင် ဇက်လှည့်မရဖြစ်တတ်ပါတယ်။ အုံးလွဲတတ်ပါတယ်။ အကြောညပ်ရင်၊ အုံးလွဲရင် နနွင်းနဲ့ဆားကို ဆတူရောပြီး ပိတ်စနဲ့အထုပ်ပြုလုပ်ပါ။ ကြပ်ထုပ်ဖြစ်သွားရင် ရေနွေးငွေ့ခံပြီး ဇက်ကို မုန်ညင်းဆီလိမ်းပြီး ကြပ်ထုပ် ခပ်နွေးနွေးထိုးပေးပါ။

### ခါးကျီးပေါင်းတက်ရောဂါ

အထိုင်များတဲ့သူတွေ၊ ခါးမှာထိခိုက်ဒဏ်ရာရရှိသူတွေ ခါးရိုးဆစ်ကျီးပေါင်းတက်တတ်ပါတယ်။ ခါးရိုးဆစ် ငါးဆစ်ရှိပါတယ်။ အဲဒီငါးဆစ်ရဲ့အောက်အဆုံးမှာ မြီးညောင်းရိုးအဆစ်ရှိပါတယ်။ အထိုင်ကြာတဲ့သူတွေ၊ ထိုင်ပြီးအလုပ်လုပ်ရတဲ့သူတွေ နှစ်ကြာလာရင် ခါးရိုးဆစ်လေးနဲ့ ငါးကြား အကြောညပ်တတ်ပါတယ်။ မြီးညောင်းရိုးဆစ်နဲ့ ခါးရိုးဆစ်အဆက်ကြားမှာ အထိုင်ကြာလို့ကျီးပေါင်းတက်ပြီး အရွတ်ခုတုံး ပြားပြီး ပျက်စီးသွားတတ်ပါတယ်။ အဲဒီအခါ ဆိုင်ရက်တီကာ ခေါ်ပေါင်တစ်လျှောက်ဆင်းတဲ့ အာရုံကြောရောင်ရောဂါဖြစ်တတ်ပါတယ်။ ခါးနာတတ်သူတွေအနေနဲ့ ပျော့တဲ့မွေ့ရာနဲ့ မအိပ်သင့်ပါဘူး။ အတန်အသင့်မာတဲ့ အိပ်ရာမှာ အိပ်ရပါမယ်။ အိပ်ရာမဝင်ခင် ဒူးအောက်ပိုင်း ရေလောင်းခြေဆေးအိပ်ပါ။ ခါးက အပူတွေ အောက်ကိုဆင်းသွားပါလိမ့်မယ်။ အိပ်ရာမှာ သက်ရင်းကြီးရွက် ခုနစ်ရွက်ကို ခါးအောက်မှာခင်းပြီး အိပ်ရင် ခါးကျီးပေါင်းရောဂါကို သက်သာစေပါတယ်။ မုန်ညင်းဆီထဲကို ချင်းတက်အနည်းငယ် ထုခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ထားပါ။ အဲဒီဆီကို တစ်နေ့နှစ်ကြိမ် ခါးကို စိမ့်ဝင်အောင်



ဆေးဖက်ဝင် မိဿလင်ကို တွေ့ရစဉ်။

လိမ်းပေးပါ။ ခါးနာရင် မှောက်ပြီးအနင်းမခံပါနဲ့။ ကျီးပေါင်းနဲ့ခါးကြောညပ်သွားတတ်ပါတယ်။ မိဿလင်ဥအခြောက်ကို အမှုန့်ကြိတ်၊ ပိတ်စနဲ့ လက်သီးဆုပ်လောက်ထုပ်ပြီး ကြပ်ထုပ်ပြုလုပ်ပါ။ အဲဒီကြပ်ထုပ်ကိုရေနွေးငွေ့နဲ့ အပူပေးပြီး မုန်ညင်းဆီလိမ်းထားတဲ့ခါးကို ကြပ်ထုပ်ထိုးပေးရင် ကျီးပေါင်းနဲ့ ခါးကြောညပ်တာကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

### ဒူးကျီးပေါင်းတက်ရောဂါ

ဝပြီး ဝိတ်များသူတွေ၊ အလေးအပင်ထမ်းရွက်သွားလာရသူတွေ၊ နေ့စဉ်လှေကားအဆင်း၊ အတက်လုပ်ရသူတွေမှာ အသက်ရလာရင် ဒူးကျီးပေါင်းတက်ရောဂါဖြစ်တတ်ပါတယ်။ အချို့က ဒူးကို ခိုက်မိရာကနေ အရွတ်အမြေးကွာပြီး ဒူးကျီးပေါင်းတက်ရောဂါရသူတွေလဲရှိပါတယ်။ ဒူးကျီးပေါင်းရှိရင် ခန္ဓာကိုယ်အလေးချိန်ကို တတ်နိုင်သမျှလျှော့ချပေးရပါမယ်။ အလေးအပင်တွေမပြီးထမ်းပိုးရွက်သယ်တာတွေမလုပ်ရပါဘူး။ လှေကားအဆင်း၊ အတက်များတာကိုလဲ ရှောင်ကြဉ်ရပါမယ်။ ဒူးကို ကြာရှည်ခေါက်ထိုင်တာမပြုရပါဘူး။ ဒူးကို မှောက်ပြီး တံကောက်ကွေးကို အနင်းခံတာမပြုလုပ်ရပါဘူး။ ဒူးနာရင် သက်ရင်းကြီးမြစ်၊ တောရှောက်မြစ်၊ ဝံအူမြစ်တွေ သွေးလိမ်းနိုင်ပါတယ်။ ချင်းခြောက်အမှုန့်နှစ်ဆ၊ လင်းနေမြစ်အမှုန့်တစ်ဆရောစပ်၊ ရေနွေးနဲ့ဖျော်၊ ဒူးကိုအုံပြီး ပတ်တီးနဲ့စည်းထားရင် ဒူးဆစ်အရွတ်ရောင်တာ၊ ကျီးပေါင်းတက်တာတွေ သက်သာစေနိုင်ပါတယ်။ ကိုယ်ရံကြီးဂမုန်းရွက်ကို ပျော့အောင်မီးကင်ပြီး နှမ်းဆီ ဒါမှမဟုတ် မုန်ညင်းဆီသုတ် ဒူးမှာပတ်ပြီး ပတ်တီးနဲ့ နှစ်နာရီကြာအောင်စည်းထားပါ။ ဒူးဆစ်ကို ပျော့ပျောင်းပြီး အဆစ်ကျပ်တာကို သက်သာစေပါတယ်။ ကိုယ်ရံကြီးရွက်က အချိန်ကြာမြင့်စွာစည်းရင် ယားတတ်ပါတယ်။ ယားပြီး မိတ်ဖုတွေလိုထွက်လာရင် သနပ်ခါးကိုဆားနဲ့ရောသွေးပြီး လိမ်းပေးပါ။ လိမ်းဆေးအမှတ်(၄၃)အကင်းဆယ်ပါးဆေးကို သနပ်ခါးနဲ့ ရောသွေးလိမ်းပေးရင်လဲ ယားယံတာ၊ ရောင်ရမ်းတာ သက်သာစေပါတယ်။

### ဖနောင့်ကျီးပေါင်းတက်ရောဂါ

ဖနောင့်ကျီးပေါင်းတက်ရောဂါက ခန္ဓာကိုယ်ဝိတ်များသူတွေမှာ ဖြစ်လေ့ရှိပါတယ်။ တစ်နေကုန်မတ်တတ်ရပ်ပြီး အလုပ်လုပ်ရသူတွေမှာလဲ ဖြစ်တတ်ပါတယ်။ ဖနောင့်မှာ ကျီးပေါင်းတက်တဲ့အခါ အချို့ကျီးပေါင်းတွေက အတက်အချွန်ထွက်ပြီး ငှက်နှုတ်သီးလို ဖနောင့်မှာ စူနေတာကို ဓာတ်မှန်ရိုက်ကြည့်ရင် တွေ့ရတတ်ပါတယ်။ အဲဒီလိုဆိုရင် ဖနောင့်ကိုခွဲပြီး ကျီးပေါင်းကိုခြစ်ထုတ်ပစ်ရတဲ့ထိ ဖြစ်တတ်ပါတယ်။ ဒါကြောင့် တစ်နေကုန် မတ်တတ်ရပ်လုပ်ရတဲ့ အလုပ်တွေကို ရှောင်ကြဉ်သင့်ပါတယ်။ အဝလွန်သူတွေဝိတ်ချရပါမယ်။ ဖနောင့်နာရင် ဒေါက်မြင့်ဖိနပ်စီးတာကို ရှောင်ကြဉ်ပါ။ ဖနောင့်ချလိုက်ရင် အိဝင်တဲ့ ဖိနပ်ကိုပြောင်းစီးတာက အကောင်းဆုံးဖြစ်ပါတယ်။ ဖနောင့်ကျီးပေါင်းတက်သူတွေ မနက်ရေမချိုးခင်တစ်ကြိမ်နဲ့ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် ဆားနင်းပေးရင် ဖနောင့်ကျီးပေါင်းတက်၊ ဖနောင့်အသားကြေနာသက်သာစေနိုင်ပါတယ်။ ဆားနင်းဖို့နည်းက ဖနောင့်နှစ်ဖက်ဝင်ဆံ့တဲ့ဇလုံထဲကို အိမ်သုံးဆားနှစ်ပိဿာထည့်ပါ။ ဆားအတွင်းကို ခြေဖဝါးနဲ့ ဖနောင့်နှစ်ဖက် နစ်မြုပ်တဲ့ထိ နင်းပါ။ ဖနောင့်တစ်ဖက်ကြွ တစ်ဖက်ချ တစ်လှည့်စီနင်းပါ။ ဆားနင်းချိန် တစ်ကြိမ်ကို မိနစ် ၂၀ ကနေ နာရီဝက်ထိနင်းပါ။ ဆားမနင်းခင် ခြေထောက်ကို ဒူးအထက်ကနေအောက် ရေလောင်းခြေဆေးပြီးမှ နင်းပါ။ ဆားနင်းပြီးရင်လဲ ဒူးအထက်ကနေအောက် ရေလောင်းခြေပြန်ဆေးရပါမယ်။ ဒါမှ ခြေထောက်ကနေ အခိုးတွေပြန်မငုပ်ဘဲ အပြင်ကို ထွက်သွားမှာဖြစ်ပါတယ်။ ဆားနင်းတာကို နေ့စဉ်ရက်ဆက် တစ်လကနေ နှစ်လထိ နင်းပေးလို့ ဖနောင့်ကျီးပေါင်းတက်ရောဂါ၊ ဖနောင့်နာရောဂါပျောက်ကင်းသွားသူ များစွာရှိပါတယ်။ ဖနောင့်နာရင် ဆေးနည်းတိုအနေနဲ့ သက်ရင်းကြီးရွက်ကို ညက်အောင်ထောင်း ဖနောင့်မှာအုံပြီးပတ်တီးစည်းထားပါ။ ချင်းတက်ကိုညက်အောင်ထောင်း နနွင်းမှုန့်အနည်းငယ်နဲ့ရောနယ်ပြီး ဖနောင့်မှာစည်းထားပါ။ ဖနောင့်မှာ အက်ကွဲကြောင်းတွေရှိရင် ပျားရည်နဲ့ ထောပတ်ကိုရောပြီးလိမ်း။ လေလုံအောင် ပလတ်စတစ်အိတ်နဲ့ ဖနောင့်ကို ထုပ်စည်းပြီး ညအိပ်ပါ။ မနက်အိပ်ရာထမှာ ခြေဆေးပါ။ အဲဒီလိုပြုလုပ်ပေးရင် ဖနောင့်ကွဲ၊ ဖနောင့်နာသက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ဈန်ရှာကနေ ခဲလုံးနင်းမိပြီး ဖနောင့်မှာအသားကြေနာဖြစ်နေပါတယ်။ ပျောက်ကင်းအောင် ဘယ်လိုကုသရင်ရပါမလဲ ဖြေကြားပေးပါ။**

ဖြေ ။ ။ ဖနောင့်အသားကြေနာဖြစ်ရင် အုတ်နီခဲအပိုင်းတစ်ခုကို မီးဖုတ်ပါ။ ရဲလာတဲ့အခါ ညှပ်နဲ့ယူပြီး ရေထဲနှစ်ပါ။ အုတ်နီခဲကနေ အငွေ့တွေထွက်လာပါလိမ့်မယ်။ ဂုန်နီအိတ် ဒါမှမဟုတ် ပိတ်စထူထူကို အဲဒီအုတ်နီခဲပေါ်မှာ ရေဆွတ်ပြီးအုပ်ပါ။ အခိုးအငွေ့မသေခင်မှာ အုတ်ခဲပေါ်ကို ဖနောင့်ဖိကပ်ပြီး ခံနိုင်သမျှ နင်းပေးပါ။ အဲဒီလို အုတ်ခဲမီးဖုတ် ရေစိုဝတ်အုပ်နင်းပေးတာကို နှစ်ကြိမ်၊ သုံးကြိမ်ရက်ဆက်ပြုလုပ်ပေးရင် ဖနောင့်အသားကြေနာ ပျောက်နိုင်ပါတယ်။ နောက်တစ်နည်းကတော့ မိဿလင်ဥအစိုကိုထောင်းပြီး ဖနောင့်မှာအုံပြီး ပတ်တီးစည်းပေးပါ။ ပြီးရင် ဖနောင့်ကို ဆားရေနွေးခပ်နွေးနွေးလေးစိမ်ပေးပါ။ ဖနောင့်အသားကြေနာ ပျောက်ကင်းသက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်အားကစားလုပ်ရင်းလက်မောင်းဆုံပြုတ်ဖူးပါတယ်။ နောက်ပိုင်းမှာ အခန့်မသင့်ရင် လက်မောင်းဆုံက မကြာခဏပြန်ပြုတ်လေ့ရှိပါတယ်။ ပြုတ်ရင် ကိုယ့်ဘာသာပြန်ထည့်လို့ရပါတယ်။ ဒါပေမဲ့ ရာသီဥတုအေးတဲ့အခါ ပခုံးဆစ်က ကိုက်ခဲလေ့ရှိပါတယ်။ ညဘက်အေးတဲ့အချိန် ဖိအိပ်ရင်လဲ ကိုက်ပါတယ်။ ဆေးနည်းလေး ပြောပြပေးပါ။**

ဖြေ ။ ။ တောရှောက်မြစ်၊ ဝံအူမြစ်တွေသွေးလိမ်းပါ။ ဆေးလိမ်းပြီး လက်မောင်းဆုံကို ငြိမ်အောင် ပတ်တီးနဲ့စည်းပေးထားနိုင်ရင် ပိုကောင်းပါတယ်။ ပခုံးကိုသိုင်းပြီးစည်းတဲ့နည်းနဲ့ စည်းရမှာဖြစ်ပါတယ်။ အေးတဲ့အချိန် ဒါမှမဟုတ် ညအိပ်ရာဝင်ချိန် လက်မောင်းဆုံကိုက်ခဲရင် လွယ်ကူတဲ့နည်းကတော့ ဗာဒံရွက် ဒါမှမဟုတ် ရဲယိုရွက်မီးကင်ပြီး နှမ်းဆီ ဒါမှမဟုတ် မုန်ညင်းဆီသုတ်ပြီး လက်မောင်းဆုံမှာ ကပ်ပေးပါ။ အထူးသဖြင့် အေးတဲ့အချိန်မှာ ညအိပ်တဲ့အခါပြုတ်ဖူးတဲ့လက်မောင်းဆုံဘက်ကို ဖိမအိပ်တာ အကောင်းဆုံးဖြစ်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကသာခရိုင်နှင့် ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၄၀၆ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၄၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၅၁၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ဒီနှစ် ပဲစင်းငုံဧက ၂၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့လဲဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ကသာခရိုင်နှင့်ကောလင်းခရိုင်တို့တွင် ယခုနှစ် ပဲစင်းငုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာခရိုင် ကသာမြို့နယ်တွင် ၉၆၁ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၂၅ ဧက၊ ကောလင်းခရိုင် ကောလင်းမြို့နယ်တွင် ၃၄၃ ဧက၊ ဝန်းသိုမြို့နယ်တွင် ၇၇ ဧက စုစုပေါင်း ၁၄၀၆ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်နှင့်ကောလင်းခရိုင်တို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ကသာခရိုင် ကသာမြို့နယ်တွင် ဧက ၂၀၆၀၊ ကောလင်းခရိုင် ကောလင်းမြို့နယ်တွင် ၃၉၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၅၇ ဧက စုစုပေါင်း ၂၅၁၁ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်နှင့်ကောလင်းခရိုင်တို့တွင် ယခုနှစ် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

# မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မွန်ကာကျောင်းကျေးရွာအုပ်စု ပါလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Shwe Kan Nyi Ko ကုမ္ပဏီနှင့် မိုင်းပျဉ်းညီအကိုကုမ္ပဏီတို့မှ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပါလောင်းကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ အရှည်နှစ်မိုင်စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၆၈ ဒသမ ၂၄ သိန်းဖြင့် Shwe Kan Nyi Ko ကုမ္ပဏီနှင့်မိုင်းပျဉ်းညီအကိုကုမ္ပဏီတို့က ယခုနှစ် ဇူလိုင်လစတုတ္ထပတ်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **စင်မာ**

## မေတ္တာလွှမ်းခြုံ ချစ်ရိပ်မြုံ

\- ညီနောင်ဆွေ တိုင်းရင်းသားတို့
တည်ထားတဲ့ ချစ်ရိပ်မြုံ၊
အကြင်နာ မေတ္တာဓာတ်ဖြင့်
လွှမ်းပတ်လုံခြုံ၊
ဘေးဘယာအစုံ
ဝေးကွာကုန်လို့ ချမ်းမြေ့ရ၊
သွေးချင်းညီနောင် လက်ချင်းတွဲ
ထူးကဲအလှ။

\- အပြင်မီးတွေ ဘယ်သို့ဟပ်လည်း
ပြတ်ပြတ်သားသား ဝိုင်းကာကွယ်၊
ကုန်းတိုက်သူ အမုန်းစကား
ပြုံးပယ်ရှားတယ်၊
ညီနောင်ချင်း အချစ်ဖလှယ်
မပစ်ပယ်ဘဲ တာဝန်ထမ်း၊
ပန်းတိုင်ဆီ ရောက်ဖို့ရေး
သွေးစည်းတက်လှမ်း။

\- တို့ညီနောင် ညီညွတ်အား
တိုင်းတစ်ပါးက အတုယူစေ၊
မလိုသူ ဘယ်ပုံဖျက်ဖျက်
မပျက်ချစ်နေ၊
သွေးသားချင်း နောင်အရှည်
အမြဲမသွေ ရိုင်းပင်းလို့၊
မေတ္တာမပြယ် ရိပ်မြုံနန်းကို
အဆွေတို့ရေ. . .
ဆင့်ကမ်းထိန်းစို့။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# ဆင်ပေါင်ဝဲမြို့နယ် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန်ရည်ရွယ်၍ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မင်းကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈ ဒသမ ၇၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်းကန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ငွေကျပ် ၅၈ ဒသမ ၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**ယယ်လေး**

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားခေါင်းဆောင်က အလုပ်သမားပါတီ ပေါ်လစ်ဗျူရိုကော်မတီအစည်းဝေးခေါ်ယူ

**ပြုံယမ်း အောက်တိုဘာ ၂၂**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားခရီးစဉ်ပြီးဆုံးပြီးနောက် နောက်ဆက်တွဲလုပ်ငန်းအစီအစဉ်များကို ဆွေးနွေးရေးအတွက် လက်ရှိအာဏာရ ကိုရီးယားအလုပ်သမားပါတီ ပေါ်လစ်ဗျူရိုကော်မတီအစည်းအဝေးခေါ်ယူခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရမီဒီယာများက ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အလုပ်သမားပါတီ ပေါ်လစ်ဗျူရို ကော်မတီအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်တွင် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကင်ဂျုံအန်က ရုရှားနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပြီး နောက်ဆက်တွဲလုပ်ငန်းအစီအစဉ်များအတွက် ဆွေးနွေးခဲ့ကြသည်။

ရုရှားနှင့်မြောက်ကိုရီးယားတို့အကြား ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်များအကြား ထိတွေ့ဆက်ဆံမှုအားကောင်းရန်လိုကြောင်း အလုပ်သမားပါတီ ပေါ်လစ်ဗျူရို ကော်မတီအစည်းအဝေးတွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရက်ရှည်ခရီးစဉ်အဖြစ် စက်တင်ဘာ ၁၃ ရက်တွင် ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါခရီးစဉ်သည် ၎င်းအတွက် လေးနှစ်ကျော် ကာလအတွင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : CNA
Trs : KKO

## အစ္စရေးအခြေစိုက်နေထိုင်သူများ ရန်ပြုမှုကြောင့် ပါလက်စတိုင်းလူမျိုးများ အိုးအိမ်များစွန့်ခွာခဲ့ရ

**နယူးယောက် စက်တင်ဘာ ၂၂**

၂၀၂၂ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ အနောက်ဘက်ကမ်းဒေသမှ ပါလက်စတိုင်းလူမျိုး ဦးရေ ၁၁၀၀ ကျော်တို့သည် အစ္စရေးအခြေစိုက် နေထိုင်သူများ၏ အကြမ်းဖက် ရန်ပြုမှုများကြောင့် ရပ်ရွာများ စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂ၏ စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်မှစ၍ အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးအခြေစိုက်နေထိုင်သူများ၏ အကြမ်းဖက်ရန်ပြုမှုများမှာ တစ်ရက်လျှင် ပျမ်းမျှ သုံးမှုထိရှိခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။

အနောက်ဘက်ကမ်းဒေသ၌ လက်ရှိမြင်တွေ့နေရသည့် အစ္စရေးအခြေစိုက် နေထိုင်သူများက ပါလက်စတိုင်းများကို အကြမ်းဖက်ရန်ပြုမှုနှုန်းသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်း ကုလသမဂ္ဂက သုံးသပ်ထားသည်။

အစ္စရေးအခြေစိုက်နေထိုင်သူများ၏ အကြမ်းဖက်မှုကြောင့် ၂၀၂၂ ခုနှစ်မှစ၍ အနောက်ဘက်ကမ်းဒေသ ပါလက်စတိုင်းရပ်ကွက်ငါးခု၌ နေထိုင်သူများမှာ တစ်ဦးမကျန် ရွှေ့ပြောင်းထွက်ခွာခဲ့ရပြီး အခြား ရပ်ကွက် ခြောက်ခုတွင် လူဦးရေထက်ဝက်ကျော်ရွှေ့ပြောင်းထွက်ခွာခဲ့ရသည်။

အစ္စရေးနိုင်ငံသည် ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲကာလအတွင်း သိမ်းယူခဲ့သည့်အနောက်ဘက်ကမ်းဒေသ ပါလက်စတိုင်းနယ်မြေများ၌ ဂျူးအခြေစိုက်အိမ်ယာစီမံကိန်းများတည်ဆောက်လျက်ရှိနေမှုကို ကုလသမဂ္ဂနှင့်နိုင်ငံတကာက ကန့်ကွက်ထားကြောင်း သိရသည်။

Ref : AP
Trs : KKO



## ဆီးရီးယားနိုင်ငံကိုအကူအညီများပေးရန် တရုတ်သမ္မတကမ်းလှမ်း



**ဟန်ကျိုး စက်တင်ဘာ ၂၂**

ဆီးရီးယားနိုင်ငံ၏ စီးပွားရေးအခြေအနေကို မြှင့်တင်ရေးနှင့် ပြည်တွင်းမငြိမ်သက်မှုများကိုတုံ့ပြန်ရေးတို့အတွက် အကူအညီများပေးရန် တရုတ်သမ္မတရှီကျင့်ဖျင်က ဆီးရီးယားနိုင်ငံကို ယနေ့တွင် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဆီးရီးယားသမ္မတအာဆတ်တို့သည် ယနေ့တွင် ဟန်ကျိုးမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာအခြေအနေများ တည်ငြိမ်မှုမရှိသည့်အချိန်၊ သေချာရေရာမှုမရှိသည့် အချိန်မျိုးတွင် တရုတ်နိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ဆီးရီးယားသမ္မတနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ပကြားဝင်စွက်ဖက်မှုနှင့် တစ်ဖက်သတ်ဗိုလ်ကျမှုများကို ဆီးရီးယားနိုင်ငံက ဆန့်ကျင်တွန်းလှန်နေမှုအား တရုတ်နိုင်ငံက အားပေး ထောက်ခံမည်ဖြစ်ပြီး ဆီးရီးယားနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက်လည်း အကူအညီများ ပေးမည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ကမ်းလှမ်းခဲ့သည်။

ဆီးရီးယားသမ္မတ အာဆတ်သည် ၁၂ ကြာ ဆီးရီးယားပြည်တွင်းစစ် စတင်ခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားသမ္မတ အာဆတ်သည် တရုတ်ခရီးစဉ်အတွင်း ဟန်ကျိုးမြို့၌ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပွဲတော်သို့ သမ္မတရှီကျင့်ဖျင်နှင့်အတူ တက်ရောက်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : China Daily
Trs : KKO

## အီရန်-အီရတ်စစ်ပွဲ အထိမ်းအမှတ်အဖြစ် မောင်းသူမဲ့လေယာဉ်များ အီရန်ပြသ

**တီဟီရန် စက်တင်ဘာ ၂၂**

၁၉၈၀ ပြည့်နှစ် အီရန်-အီရတ်စစ်ပွဲနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် အီရန်နိုင်ငံသည် ယနေ့တွင် စစ်ရေးပြချီတက်ပွဲ ကျင်းပ၍ လက်နက်သစ်များ ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ရေးပြချီတက်ပွဲတွင် ကမ္ဘာပေါ်၌ အဝေးဆုံးပျံသန်းနိုင်သော မောင်းသူမဲ့လေယာဉ်အပါအဝင် မောင်းသူမဲ့လေယာဉ်သစ်များ ထုတ်ဖော်ပြသခဲ့ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်-အီရတ်စစ်ပွဲ နှစ်ပတ်လည်စစ်ရေးပြချီတက်ပွဲ၌ ထုတ်ဖော်ပြသခဲ့သည့် မိုဟာဂျာ-၁၀ အမည်ရှိ မောင်းသူမဲ့လေယာဉ်မှာ အကွာအဝေး ကီလိုမီတာ ၂၀၀၀(၁၂၄၀ မိုင်)ထိ ၂၄ နာရီကြာ ပျံသန်းနိုင်ကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။

ထို့ပြင် မိုဟာဂျာ-၁၀ မောင်းသူမဲ့လေယာဉ်များသည် လက်နက်ခဲယမ်းများကိုလည်း ကီလိုဂရမ် ၃၀၀ ထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

အီရတ်တပ်များ အီရန်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာ ၂၂ ရက်တွင် အီရန်-အီရတ်စစ်ပွဲ စတင်ခဲ့ရပြီး လူဦးရေ အနည်းဆုံး ၅၀၀၀၀၀ သေဆုံးခဲ့ရပြီး နှစ်နိုင်ငံလုံးအတွက်လည်း စီးပွားရေးအရ ထိခိုက်ခဲ့ရသည့် အဆိုပါစစ်ပွဲသည် ၁၉၈၈ ခုနှစ် ဩဂုတ်လတွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

Ref : CNA
Trs : KKO



## အနောက်အုပ်စုလိုလားသည့်အစိုးရ နုတ်ထွက်ရန် ဘူလ်ဂေးရီးယားအမျိုးသားရေးဝါဒီများ တောင်းဆို

**ဆိုဖီယာ စက်တင်ဘာ ၂၂**

ပြန်လည်ရှင်သန်ရေး ပါတီအမည်ရှိ ဘူလ်ဂေးရီးယားအမျိုးသားရေးဝါဒီ ပါတီတစ်ခုကို ထောက်ခံသူ ဆန္ဒပြသမားများနှင့် ဘူလ်ဂေးရီးယား ရဲတပ်ဖွဲ့တို့အကြား စက်တင်ဘာ ၂၁ ရက်က ရန်ပွဲများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆိုဖီယာမြို့၌ ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတွင် ဘူလ်ဂေးရီးယားအမျိုးသားရေးဝါဒီများသည် အနောက်အုပ်စုလိုလားသည့် လက်ရှိအစိုးရ နုတ်ထွက်ပေးရန်နှင့် ဘူလ်ဂေးရီးယားနိုင်ငံအတွင်းရှိ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) စစ်စခန်းများ ပိတ်သိမ်းရန်လည်း တောင်းဆိုခဲ့ကြသည်။

ဆိုဖီယာမြို့ဆန္ဒပြပွဲတွင် ဘူလ်ဂေးရီးယားအမျိုးသားရေးဝါဒီများသည် ရုရှားအလံနှင့်ဘူလ်ဂေးရီးယားအလံများကို ကိုင်ဆောင်ကာ ချီတက်ခဲ့ကြသည်။

အဆိုပါဆန္ဒပြသမားများသည် ဆိုဖီယက်တပ်နီတော်အထိမ်းအမှတ် တစ်ခုအနီးတွင် ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့ဝင်များနှင့် ရန်ပွဲဖြစ်ပွားခဲ့ကြောင်း ဘူလ်ဂေးရီးယားပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘူလ်ဂေးရီးယားအမျိုးသားရေးဝါဒီများသည် ဆိုဗီယက်မြို့တော်ဆန္ဒပြပွဲ၌ ယူကရိန်းစစ်ရေးပဋိပက္ခတွင် ယူကရိန်းနိုင်ငံအား ဘူလ်ဂေးရီးယားနိုင်ငံက စစ်ရေးအရ ကူညီနေမှုကိုလည်း ကန့်ကွက်ခဲ့ကြသည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံကို စစ်လက်နက်များ ဖြည့်ဆည်းပေးနေသည့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : AFP
Trs : KKO

# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်များ

ML

**အာဆင်နယ် Vs စပါး**

**ကစားမည့်ရက်/အချိန် ၂၄-၉-၂၀၂၃ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပါး ၀ - ၂ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အာဆင်နယ်** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **စပါး** | - | **ဝေး(သရေ)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

လက်ရှိခြေစွမ်းပိုင်းမှာတော့ အိမ်ရှင်အာဆင်နယ်က အသာရနေသလို စပါးနဲ့နောက်ဆုံးကစားခဲ့ရာမှာ ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ စပါးအသင်းကတော့ ဟယ်ရီကိန်းမရှိတဲ့ တိုက်စစ်ပိုင်းမှာဂိုးရဖို့ခက်ခဲနေပြီး ခံစစ်ပိုင်းကလဲ ပေးဂိုးများနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲဆက်နေတဲ့ အာဆင်နယ်ကို အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အာဆင်နယ် ၂ - ၁ စပါး**

**ချဲလ်ဆီး Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၂၄-၉-၂၀၂၃ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ချဲလ်ဆီး ၀ - ၂ အေဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ချဲလ်ဆီး** | - | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |
| **အေဗီလာ** | - | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |

ချဲလ်ဆီးအသင်းဟာ နိုင်ပွဲရဖို့ရုန်းကန်နေရပေမဲ့ အခုပွဲစဉ်မှာတော့ အေဗီလာကို ဖိအားပေးနိုင်မယ်လို့ထင်ပါတယ်။ အေဗီလာအနေနဲ့ ပွဲပန်းနေမှုကြောင့် ချဲလ်ဆီးလို ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းကို ယှဉ်နိုင်ဖို့အတွက် ခက်ခဲမှာသေချာပါတယ်။ ဒါကြောင့် ဖိအားအောက်က လွတ်မြောက်ဖို့ နိုင်ပွဲရှာရမဲ့ ချဲလ်ဆီးကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၁ - ၀ အေဗီလာ**

## အီတလီစီးရီးအေ ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

ML

**အမ်ပိုလီ Vs အင်တာမီလန်**

**ကစားမည့်ရက်/အချိန် ၂၄-၉-၂၀၂၃ (ညနေ ၀၅း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမ်ပိုလီ ၀ - ၃ အင်တာမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အမ်ပိုလီ** | - | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **အင်တာမီလန်** | - | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |

အမ်ပိုလီဟာ စီးရီးအေမှာ နိုင်ပွဲပျောက်ဆုံးနေသလို လက်ရှိ ခံစစ်ပိုင်းကလဲ ပေးဂိုးအများဆုံးဖြစ်နေတာကြောင့် အင်တာမီလန်ကို ထိန်းချုပ်ဖို့မလွယ်ကူပါဘူး။ အင်တာမီလန်ကတော့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းအားသာမှုတွေကြောင့် အမ်ပိုလီကိုနိုင်ပွဲရယူနိုင်ဖို့မခက်ခဲနိုင်တာကြောင့် အင်တာမီလန်ကို အားပေးရမှာဖြစ်ပါတယ်။

**အင်တာနက်ခန့်မှန်း - အမ်ပိုလီ ၁ - ၂ အင်တာမီလန်**

### အားကစားသတင်း အတိုအထွာများ

- ကွင်းလယ်ကစားသမား အိုဒီဂတ်ကို လုပ်ခလစာတိုးမြှင့်၍ လာမည့် ၂၀၂၈ ခုနှစ်ထိသက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း အာဆင်နယ်အသင်းက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။
- မန်ယူအသင်း နည်းပြတန်ဟက်က တောင်ပံကစားသမား ဆန်ချိုကို ပြောင်းရွှေ့ကြေးလျှော့ချ၍ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်စီစဉ်လျက်ရှိကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- ချဲလ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား အက်ဇီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ပဲလေ့စ်အသင်းက ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ ML

## အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက အိန္ဒိယအသင်းကို အနိုင်ရရှိမှသာ ရှုံးထွက်အဆင့်တက်ရောက်နိုင်မည်ဟုဆို



**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် အိန္ဒိယအသင်းနှင့်ပွဲစဉ်တွင် အနိမ့်ဆုံး သရေရလဒ်ရရှိမှသာ ရှုံးထွက်အဆင့်သို့တက်ရောက်ရန်မျှော်လင့်ချက်ရှိမည်ဖြစ်ကြောင်း သိရသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု(က)တွင် မြန်မာအသင်းသည် အိမ်ရှင်တရုတ်အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်း၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ဘင်္ဂလားဒေ့ရှ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း အုပ်စုဒုတိယပွဲစဉ်တွင် အိမ်ရှင်တရုတ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ရှုံးထွက်အဆင့်သို့တက်ရောက်ရန်အတွက် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိန္ဒိယအသင်းကိုမဖြစ်မနေ အနိုင်ရရှိရန်လိုအပ်နေခြင်းဖြစ်သည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု(က)တွင် အုပ်စုနှစ်ပွဲစီ ကစားပြီးချိန်တွင် အိမ်ရှင်တရုတ်အသင်းက နှစ်ပွဲလုံး အနိုင်ရရှိခဲ့ပြီး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာတွင်ရပ်တည်နေပြီး ရှုံးထွက်အဆင့်သို့တက်ရောက်ရန် သေချာသွားသော်လည်း အိန္ဒိယအသင်းကတစ်ပွဲနိုင် တစ်ပွဲရှုံး ပေးဂိုး နှစ်ဂိုး ရဂိုး ငါးဂိုး ရမှတ်သုံးမှတ်ဖြင့် အုပ်စုဒုတိယ နေရာတွင်လည်းကောင်း၊ မြန်မာအသင်းကလည်း တစ်ပွဲနိုင် တစ်ပွဲရှုံး ရဂိုး တစ်ဂိုး ပေးဂိုး လေးဂိုး ရမှတ်သုံးမှတ်ဖြင့် အုပ်စုတတိယနေရာတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်အသင်းက နှစ်ပွဲလုံး ရှုံးနိမ့်ပြီး အုပ်စုအောက်ဆုံးတွင်လည်းကောင်း ရပ်တည်နေခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့သည် ဂိုးကွာခြားချက် တူညီနေသော်လည်း အိန္ဒိယအသင်းက ရဂိုးအသာဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နေသည့်အတွက် မြန်မာအသင်းအနေဖြင့် နောက်ဆုံးပွဲစဉ်တွင် သရေရလဒ်ရရှိမှသာ အကောင်းဆုံး အုပ်စုတတိယရရှိသည့် အသင်းအဖြစ် ရှုံးထွက်အဆင့်သို့တက်ရောက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်ကြောင်း သိရသည်။ STA

## French Open ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်ကင်မ် ဦးဆောင်

**ပဲရစ် စက်တင်ဘာ ၂၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား တွမ်ကင်မ်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် စပိန်ဂေါက်သီးရိုက်ကစားသမား ဟီရီဒီယာ၊ အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဆောက်ဂိတ်နှင့် မန်ဆဲလ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး လက်ရှိချန်ပီယံ မက္ကဆီကိုဂေါက်သီးရိုက်ကစားသမား မစ်လီအိုဇီမှာ ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ကာ အမှတ်ပေးဇယား၏ T81 နေရာတွင် ရပ်တည်လျက်ရှိသည်။

အသက် ၂၁ နှစ်အရွယ် တွမ်ကင်မ်သည် ယခုနှစ်အတွင်း ပုံစံကောင်းများ ပြသနေသည့် လူငယ်ဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်ပြီး မကြာသေးမီကကျင်းပခဲ့သော Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒုတိယ နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သူဖြစ်သည်။

တွမ်ကင်မ်က "ပထမနေ့မှာ ကစားရတာ တော်တော်လေးကို ခက်ခဲပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့တာကြောင့် ပြိုင်ပွဲဝင်အားလုံးနီးပါး ခက်ခဲတဲ့အခြေအနေတွေနဲ့ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ကြရတယ်။ ကစားရ ခက်ခဲခဲ့တယ်ဆိုပေမဲ့လဲ ကျွန်တော့်အနေနဲ့ ကိုယ့်မှာရှိတဲ့စွမ်းဆောင်ရည်တွေအားလုံးကို အသုံးချနိုင်ခဲ့ပါတယ်။ ပထမနေ့မှာရလဒ်ကောင်းရခဲ့တဲ့အတွက် ယုံကြည်မှုမြင့်တက်ခဲ့ပြီး ကျန်တဲ့သုံးရက်တာကာလမှာလဲ ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံကောင်းကို ဆက်ထိန်းနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : GA

Trs : AZL

## တူရကီဘောလုံးအဖွဲ့ချုပ်က မွန်တဲလားကို နည်းပြအဖြစ်ခန့်အပ်ကြောင်း ကြေညာ



**အင်ကာရာ စက်တင်ဘာ ၂၂**

တူရကီဘောလုံးအဖွဲ့ချုပ်သည် ရလဒ်ပိုင်းကျဆင်းနေသည့် နည်းပြ စတီဖန်၏နေရာတွင် တူရကီကလပ် ဒီမာစပေါ် အသင်းနည်းပြဟောင်း မွန်တဲလားကို နည်းပြသစ်ခန့်အပ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တူရကီအသင်းသည် ပြီးခဲ့သည့် နိုင်ငံတကာပြိုင်ပွဲ ကာလအတွင်း ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်နှစ်ပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး အုပ်စု(D)အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သောကြောင့် တူရကီဘောလုံးအဖွဲ့ချုပ် အနေဖြင့် စက်တင်ဘာ ၂၀ ရက်က နည်းပြ စတီဖန်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ဒီမာစပေါ် နည်းပြဟောင်း မွန်တဲလားကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ပြီး ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြ မွန်တဲလားသည် တူရကီ လက်ရွေးစင်အသင်းနှင့် သုံးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့သော်လည်း ပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍ နှစ်ဖက်စလုံးက ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိကြောင်း သိရသည်။

အသက် ၄၉ နှစ်ရှိ နည်းပြ မွန်တဲလားသည် ၂၀၀၈ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူပြီးနောက် ၂၀၀၉ ခုနှစ်တွင်နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ကာ ၂၀၁၁ ခုနှစ်တွင် ကာတာနီးယားအသင်း နည်းပြချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဖီအိုရင်တီးနား၊ ဆမ့်ဒိုးရီးယား၊အေစီမီလန်၊ဆီဗီလာ၊ ဒီမာစပေါ် အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သကဲ့သို့ ဒီမာစပေါ် အသင်းတွင် ပြိုင်ပွဲစုံ ၇၆ ပွဲတွင် ၃၈ ပွဲထိ အနိုင်ရရှိခဲ့အောင်စွမ်းဆောင်နိုင်ခဲ့သောကြောင့် တူရကီဘောလုံးအဖွဲ့ချုပ်က ၎င်းကိုနည်းပြသစ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

Ref : Football-italia

Trs : ML

# လီဗာပူးအသင်းနှင့်အတူ ဥရောပပြိုင်ပွဲ နိုင်ပွဲ ၅၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းကို နည်းပြကလော့ပ် ရရှိ




**လန်ဒန် စက်တင်ဘာ ၂၂**

ယူရိုပါလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩစတြီးယားကလပ် လက်လင့်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သောကြောင့် နည်းပြကလော့ပ်သည် အသင်းနှင့်အတူဥရောပပြိုင်ပွဲတွင် နိုင်ပွဲ ၅၀ ပြည့်မြောက်သည့် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နည်းပြကလော့ပ်သည် ပြီးခဲ့သည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နာပိုလီအသင်းကို အုပ်စုအဆင့်တွင် နိုင်ပွဲရရှိခဲ့ပြီးနောက် ဥရောပပြိုင်ပွဲ ၄၉ ပွဲအနိုင်ရရှိခဲ့ကာ နည်းပြဟောင်းဘင်နီတက်ဇ်၏ စံချိန်ကို လိုက်မီခဲ့ပြီး ယခုနှစ်ယူရို ပါလိဂ်အဖွင့်ပွဲစဉ်တွင် လက်လင့်အသင်းကို အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ရသော်လည်း သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဥရောပပြိုင်ပွဲတွင် နိုင်ပွဲ ၅၀ ပြည့်မြောက်ခဲ့ကာ နည်းပြဟောင်း ဘင်နီတက်ဇ်၏ စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့သည်။

လီဗာပူးအသင်းသည် နည်းပြကလော့ပ် လက်ထက်တွင် ၂၀၁၆ ခုနှစ်က အသင်းနှင့်အတူယူရိုပါလိဂ်ဖိုင်နယ်ပွဲ တက်ရောက်နိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့ပြီး နှစ်နှစ်အကြာ ၂၀၁၈ ခုနှစ်တွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ထပ်မံတက်ရောက်နိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် စပါးအသင်းကိုအနိုင်ယူပြီး ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သကဲ့သို့ ၂၀၂၂ ခုနှစ်တွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကာ ရီးရဲလ်မက်ဒရစ်ကိုရှုံးနိမ့်၍ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

နည်းပြကလော့ပ်က "ကျွန်တော်တို့အသင်းအနေနဲ့ ဥရောပပြိုင်ပွဲများစွာကိုကစားခဲ့ရပြီး လက်ရှိမှာ နိုင်ပွဲ ၅၀ ထိရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဗိုလ်လုပွဲကိုလေးကြိမ်ထိတက်ရောက်ခဲ့ပါတယ်။ နောက်ထပ်လဲ ဥရောပပွဲစဉ်တွေ ဆက်လက်ကစားရမှာဖြစ်လို့ ဒီရာသီဟာအရမ်းကိုကောင်းမွန်တဲ့ ရာသီတစ်ခုဖြစ်လာမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : 90Min
Trs : ML

# ဟန်နန်ဒက်ဇ်ကိုအနိုင်ရခဲ့သည့် ဆိုဖီယာကီနင် Guadalajara Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်



**ဂွါဒါလာဂျာရာ စက်တင်ဘာ ၂၂**

မက္ကဆီကိုနိုင်ငံ ဂွါဒါလာဂျာရာမြို့တွင်ကျင်းပနေသည့် Guadalajara Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ဆိုဖီယာကီနင်နှင့် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆိုဖီယာကီနင်က (၆-၄ ၊ ၆-၇ ၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုဖီယာကီနင်အနေဖြင့် ကစားသမားဘဝတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အမြင့်ဆုံးအဖြစ် ကမ္ဘာ့အဆင့်(၄)နေရာထိ တက်ရောက်ခဲ့ဖူးသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ဖူးသကဲ့သို့ ၂၀၂၂ ခုနှစ်တွင်လည်း ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဒုတိယဆုဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် ဒဏ်ရာပြဿနာများ၊ ကျန်းမာရေးပြဿနာများနှင့် ကွင်းပြင်ပ ပြဿနာများကြောင့် တင်းနစ်ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရပြီး ကမ္ဘာ့အဆင့် ၂၃၅ ထိကျဆင်းခဲ့ရသူဖြစ်သည်။

ထို့ပြင် Guadalajara Open တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားနေသော အွန်ဂျပ်ဘာနှင့်အဇာရင်ခါတို့ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည့်အတွက် ဆိုဖီယာကီနင်အနေဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည့် ကစားသမားစာရင်းတွင် ထိပ်ဆုံး၌ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : The West
Trs : AZL

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက တောင်ကိုရီးယားအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၆ နာရီက မြန်မာအမျိုးသမီးအသင်းနှင့်တောင်ကိုရီးယား အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တောင်ကိုရီးယားအမျိုးသမီးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက မျိုးမြမြငြိမ်း၊ မေသက်မွန်မြင့်၊မိုးမမစိုး၊ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ဝင်းသီဂီထွန်း၊ စန်းသော်သော်၊ ခင်မိုမိုထွန်း၊ ပွံ့ပွံ့ပြည့်မောင်နှင့် ဂျူလိုင်ကျော် အစရှိသည့်အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက အာရှထိပ်သီး တောင်ကိုရီးယားအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၄ မိနစ်တွင် လီအွန်ယန်းက တောင်ကိုရီးယားအမျိုးသမီး အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲချိန် ပထမပိုင်းတွင် တောင်ကိုရီးယားအမျိုးသမီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအမျိုးသမီးအသင်းက ချေပဂိုးအတွက် ပြန်လည် ဖိအားပေးကစားရန် ကြိုးပမ်းခဲ့သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှုအနည်းငယ်သာပြုလုပ်နိုင်ခဲ့ပြီး တောင်ကိုရီးယားအမျိုးသမီးအသင်းကပင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၉ မိနစ်တွင် ဂျီဆိုယန်ကလည်းကောင်း၊ ပွဲချိန် ၆၈ မိနစ်တွင် ဂျီအွန်ကလည်းကောင်း တောင်ကိုရီးယား အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တောင်ကိုရီးယားအမျိုးသမီးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

လေဗာကူဆင် Vs ဟိုဖန်ဟိမ်း

**ကစားမည့်ရက်/အချိန် ၂၄-၉-၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟိုဖန်ဟိမ်း ၂ - ၁ လေဗာကူဆင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လေဗာကူဆင်** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |
| **ဟိုဖန်ဟိမ်း** | – | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ပုံစံကောင်းပြသနေတဲ့ လေဗာကူဆင်အသင်းကို ဟိုဖန်ဟိမ်းအသင်းအနေနဲ့ ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့အတွက် မဖြစ်နိုင်ပါဘူး။ လက်ရှိ ဟိုဖန်ဟိမ်းအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိသေးတာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန့်ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လေဗာကူဆင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – လေဗာကူဆင် ၃ – ၀ ဟိုဖန်ဟိမ်း**

## စပိန်လာလီဂါ ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်များ

STA

အေတီကို Vs ရီးရဲလ်မက်ဒရစ်

**ကစားမည့်ရက်/အချိန် ၂၅-၉-၂၀၂၃ (နံနက် ၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရီးရဲလ်မက်ဒရစ် ၁ - ၁ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေတီကို** | – | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(သရေ)** |
| **ရီးရဲလ်မက်ဒရစ်** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ အေတီကိုအသင်းဟာ ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေပြီး ခံစစ်ပိုင်းကလဲ အမှားများနေပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းကတော့ ဒီနှစ်ဘောလုံးရာသီပြိုင်ပွဲစုံ ပွဲစဉ်အားလုံးအနိုင်ရရှိထားပြီး ပုံစံကောင်းပြသနေပါတယ်။ ဒါကြောင့် ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အေတီကို ၁ – ၂ ရီးရဲလ်မက်ဒရစ်**

ဆိုစီဒက် Vs ဂီတာဖေး

**ကစားမည့်ရက်/အချိန် ၂၄-၉-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆိုစီဒက် ၂ – ၀ ဂီတာဖေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆိုစီဒက်** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |
| **ဂီတာဖေး** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

အိမ်ကွင်းကောင်းတဲ့ ဆိုစီဒက်အသင်းဟာ ဂီတာဖေးအသင်းကို ခြေစွမ်းပိုင်းအသာစီးနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဂီတာဖေးအသင်းကလဲ ရလဒ်တွေကောင်းမွန်နေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိလို့ အဝေးကွင်းမှာရှုံးကန့်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းတဲ့ ဆိုစီဒက်အသင်းကိုပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဆိုစီဒက် ၂ – ၁ ဂီတာဖေး**

## ပြင်သစ်လီဂူး ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်

STA

ပီအက်စ်ဂျီ Vs မာဆေး

**ကစားမည့်ရက်/အချိန် ၂၅-၉-၂၀၂၃ (နံနက် ၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၀ – ၃ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပီအက်စ်ဂျီ** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |
| **မာဆေး** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **ဝေး(သရေ)** |

ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံတိုင်း ပီအက်စ်ဂျီအသင်းက အသာစီးရထားလို့ အခုအိမ်ကွင်းပွဲစဉ်မှာလဲ မာဆေးအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ မာဆေးအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းအကျဘက်ရောက်နေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ပီအက်စ်ဂျီ ၃ – ၁ မာဆေး**

# Kamikaze ဒရုန်းများ အောင်မြင်စွာထုတ်လုပ်လျက်ရှိသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် အီရန်၏ Shahed အမျိုးအစား Kamikaze ဒရုန်းကိုအခြေခံကာ ကိုယ်ပိုင်မူကွဲဖြင့် တည်ဆောက်ထားသည့် Sunflower-200 အမျိုးအစား Kamikaze ဒရုန်းကို ထုတ်ဖော်ပြသခဲ့သည်။ အဆိုပါ Kamikaze ဒရုန်းကို ၎င်း၏ ပထဝီမဟာဗျူဟာဆိုင်ရာ အကျိုးစီးပွားများနှင့် ရည်မှန်းချက်များအတွက် အရေးပါသည့်နိုင်ငံများသို့ ဖြန့်ဝေပေးသွားဖွယ်ရာရှိသည်ဆိုသော သတင်းများထွက်ပေါ်လျက်ရှိသည်။


တရုတ်နိုင်ငံအနေဖြင့် Sunflower-200 အမျိုးအစား Kamikaze ဒရုန်းကို ရုရှားနိုင်ငံသို့ရောင်းချသွားမည်ဆိုလျှင် အနောက်အုပ်စု၏ ပိတ်ဆို့မှုများ ရင်ဆိုင်သွားရဖွယ်ရှိသော်လည်း လက်ရှိ ယူကရိန်းပဋိပက္ခသည် ဒရုန်းစစ်ပွဲပုံစံ ပြောင်းလဲလာမလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

တရုတ်တို့စမ်းသပ်ခဲ့သော Kamikaze ဒရုန်းသည် အီရန်ထုတ် Shahed-136 ၏ မူကွဲဖြစ်ဖွယ်ရာဖြစ်ကြောင်းနှင့် ဩဂုတ်လအတွင်း ရုရှား၌ပြုလုပ်ခဲ့သည့် ရုရှား၏ ARMY-2023 ကာကွယ်ရေးပစ္စည်းပြပွဲတွင် ၎င်းဒရုန်း၏ပုံရိပ်များကို မြင်တွေ့ခဲ့ရသည်ဟုဆိုသည်။ Sunflower-200 သည် အဆင့်မြင့်တင်သုတေသန လုပ်ဆောင်မှုအဆင့်တွင်သာရှိနေပြီး အပြည့်အဝ ထုတ်လုပ်နိုင်ရေးအတွက် အချိန်ကာလအနည်းငယ် ယူရဦးမည်ဟုဆိုသည်။ နိုင်ငံတကာဝယ်လက်များအတွက် တရုတ်စစ်လက်နက်ပစ္စည်းများကိုကြော်ငြာလျက်ရှိသည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ လွှတ်တင်လျက်ရှိသော Forbes ဝက်ဘ်ဆိုက်၌မူ Sunflower-200 အမျိုးအစား Kamikaze ဒရုန်းအား တာဝေးပစ်မှတ်များကို ချေမှုန်းနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် ကုန်ကျစရိတ်သက်သာသော လက်နက်စနစ်တစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။

Sunflower-200 အမျိုးအစား Kamikaze ဒရုန်းသည် အရှည် ၃ ဒသမ ၂ မီတာ၊ တောင်ပံအလျား ၂ ဒသမ ၅ မီတာနှင့် တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ မှ ကီလိုမီတာ ၂၂၀ ထိ ပျံသန်းနိုင်ကြောင်း၊ ၎င်းဒရုန်းသည် ၁၇၅ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်ပြီး တိုက်ပွဲဝင်စစ်လက်နက်ပစ္စည်း ကီလိုဂရမ် ၄၀ ဖြင့် အကွာအဝေး ကီလိုမီတာ ၂၀၀၀ ရှိ ပစ်မှတ်များကို သွားရောက်ချေမှုန်းနိုင်စွမ်းရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် Shahed အမျိုးအစား ဒရုန်းအစင်း ၂၀၀၀ တပ်ဖြန့်ချထားပြီး မူလက အီရန်နိုင်ငံက တင်သွင်းခဲ့သော်လည်း လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် ခွင့်ပြုချက်လိုင်စင်ဖြင့် ပြည်တွင်း၌ပင် ထုတ်လုပ်လျက်ရှိသည်ဟု Forbes မဂ္ဂဇင်း၌ ဖော်ပြထားသည်။ ရုရှားနှင့်အီရန်တို့သည် မော်စကိုအရှေ့ပိုင်း Yelabuga ဒေသတွင် Shahed-136 စက်ရုံတည်ဆောက်ကာ ၂၀၂၄ ခုနှစ်တွင် စတင်ထုတ်လုပ်သွားရန်စီစဉ်ထားရှိပြီး လာမည့်နှစ်အနည်းငယ်အတွင်း ယူကရိန်းပဋိပက္ခတွင် ဒရုန်းအစင်း ၆၀၀၀ ထုတ်လုပ်သွားရန် စီမံကိန်းရေးဆွဲထားရှိသည်။ အီရန်ကာကွယ်ရေးပစ္စည်းကုမ္ပဏီများအနေဖြင့်လည်း ဒရုန်းထုတ်လုပ်နိုင်ရေးအတွက် ရုရှားစက်ရုံများကို အစိတ်အပိုင်းများ ပေးပို့ကူညီလျက်ရှိသည်ဟုဆိုသည်။

ရုရှားနိုင်ငံသည် ဒရုန်း၏ကြံ့ကြံ့ခံနိုင်မှု၊ တိကျမှုနှင့်ပျံသန်းနိုင်မှုတို့ကို မြှင့်တင်ရန် Shahed-136 ကို ကျည်ထိပ်ဖူးအဆင့်မြှင့်တင်ခြင်း၊ GLONASS အမျိုးအစား ဂြိုဟ်တုပဲ့ထိန်းစနစ်များ တပ်ဆင်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ရုရှားနိုင်ငံသည် Shahed ၏ မူလဒီဇိုင်းကို ယူကရိန်းစစ်မြေပြင်၊ ရာသီဥတုတို့နှင့် လိုက်လျောညီထွေရှိစေရန် အသံဆူညံမှု ဖြစ်ပေါ်လျက်ရှိသည့် လောင်စာသုံးအင်ဂျင်အစား အသံတိတ်ဆိတ်စေသည့် အီလက်ထရွန်နစ်မော်တာဖြင့် လဲလှယ်တပ်ဆင်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။



တရုတ်နိုင်ငံထုတ် Sunflower-200 အမျိုးအစားဒရုန်းသည် Shahed ကို တိုက်ရိုက်ပုံတူ ကူးချထားခြင်းမဟုတ်ဘဲ စွမ်းဆောင်ရည်နှင့်ပျံသန်းနိုင်မှု အကွာအဝေးတို့ကို မြှင့်တင်ထားသောအဆင့်မြင့် ဒရုန်းအမျိုးအစားပင်ဖြစ်သည်။ ၎င်းဒရုန်းတွင် ရှော့ကတ်စနစ်နှင့် Tomahawk ခရုဇ်ဒုံးကျည်များအတွက် သုတေသနပြု တိုးတက်ထုတ်လုပ်ထားသော ဒစ်ဂျစ်တယ်ပုံရိပ်ဖော်စနစ် (DSMAC) နှင့် စွမ်းဆောင်ရည်တူညီသည့် စမတ်ပဲ့ထိန်းစနစ်တို့ တပ်ဆင်ထားရှိသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် တိုက်ခိုက်ရေးဒရုန်းများတည်ဆောက်ရာတွင် ကမ္ဘာ့ဦးဆောင်မှုအခန်းကဏ္ဍမှရပ်တည်လာပြီဖြစ်သည်။ တရုတ်နိုင်ငံသည် သက်ညှာသောပို့ကုန်မူဝါဒများ၊ လွယ်ကူသောငွေပေးချေမှုစနစ်များ၊ တရုတ်ကွန်မြူနစ်ပါတီ၏ခိုင်မာအားကောင်းသော ပံ့ပိုးမှုနှင့် ပြည်ပနည်းပညာအပေါ် ဆန်းသစ်တီထွင် ဆောင်ရွက်ခြင်းတို့ကြောင့် ဈေးကွက်ပိုမိုရရှိလာလျက်ရှိသည်။ စတော့ခ်ဟုမ်း နိုင်ငံတကာငြိမ်းချမ်းမှုသုတေသနအင်စတီကျု (SIPRI) အချက်အလက်များအရ တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း နိုင်ငံပေါင်း ၁၇ နိုင်ငံသို့ လက်နက်တပ်ဆင်နိုင်သည့် တိုက်ခိုက်ရေးဒရုန်း ၂၈၂ စင်းထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ သို့သော် အမေရိကန်အနေဖြင့်မူ အလားတူကာလတွင် ပြင်သစ်နှင့်ဗြိတိန်သို့ ဒရုန်း ၁၂ စင်းခန့်သာ ရောင်းချနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ယူကရိန်းပဋိပက္ခအပေါ် သတိထား ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အနောက်အုပ်စု၏ ပိတ်ဆို့မှုများကို ရှောင်ကွင်းနိုင်ရန် ဟန်ချက်ထိန်းညှိ ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် စစ်ဘက်ဆိုင်ရာ ရည်ရွယ်ချက်များဖြင့် ရုရှားနိုင်ငံသို့ ဒရုန်းများတင်ပို့လျက်ရှိသော်လည်း Sunflower-200 အမျိုးအစား ဒရုန်းများကိုမူ ချက်ချင်းပေးပို့သွားဖွယ်ရာမရှိဟု ဆိုသည်။

တရုတ်နိုင်ငံမှ ဒရုန်းထုတ်လုပ်သူ DJI သည် ရုရှားနှင့်ယူကရိန်းတို့တွင် ဒရုန်းထုတ်လုပ်မှုများ ရပ်ဆိုင်းထားခဲ့သည်။ အနောက်အုပ်စုမှပြစ်တင်ဝေဖန်မှုနှင့်ရှုတ်ချပိတ်ဆို့မှုများကြောင့် DJI သည် စစ်မက်ဖြစ်ပွားလျက်ရှိသော တိုင်းပြည်နှစ်ခုတွင် စီးပွားရေးလုပ်ကိုင်မှု ရပ်တန့်ခဲ့သည့် ပထမဆုံးသော တရုတ်ကုမ္ပဏီအဖြစ် ရပ်တည်လာခဲ့သည်။

DJI သည် ၎င်း၏ဒရုန်းများကို စစ်ဘက်ရည်ရွယ်ချက်တွင် အသုံးပြုရေးအတွက် ထုတ်လုပ်ရောင်းချသွားရန် ငြင်းဆိုလျက်ရှိသော်လည်း ရုရှားနှင့်ယူကရိန်းတို့သည် DJI ထုတ် ဒရုန်းများကို ကင်းထောက်ခြင်း၊ အမြောက်ပစ်မှတ်ရှာဖွေခြင်း၊ စနိုက်ပါပစ်ခတ်ခြင်းနှင့် ချုံခိုတိုက်ခိုက်ခြင်းများအတွက် အသုံးပြုလျက်ရှိသည်။

ရုရှားကုမ္ပဏီများသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဧပြီလကြား အမေရိကန်ဒေါ်လာ ၁၀၃၀၀၀ တန်ဖိုးရှိသော တရုတ်နိုင်ငံထုတ် ဒရုန်း ၃၇ စင်းကို တင်သွင်းခဲ့ပြီး ၎င်းဒရုန်းများဝယ်ယူရာ၌ ရုရှား၏ အထူးစစ်ဆင်ရေးများတွင် အသုံးပြုသွားမည်ဖြစ်သည့်အတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားသည်။ ထို့ပြင် ရုရှားကုမ္ပဏီများသည် အထူးစစ်ဆင်ရေးအတွက် တရုတ်ကုမ္ပဏီများထံမှ ဒရုန်းထောက်လှမ်းမှုနှင့် နှောင့်ယှက်မှုများလုပ်ဆောင်နိုင်သော ကိရိယာများဝယ်ယူရာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း သုံးစွဲထားရှိပြီး အကြမ်းခံနိုင်သည့် တစ်ကိုယ်ရေသုံးကွန်ပျူတာ ၁၀ လုံးဝယ်ယူရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၃၆၀၇၇ သုံးစွဲထားရှိသည်။ အဆိုပါဝယ်ယူမှု ကိန်းဂဏန်းများက ယူကရိန်းပဋိပက္ခတွင် တရုတ်နိုင်ငံ၏ သိမ်မွေ့နက်နဲသော ရပ်တည်ချက်ကိုပြသလျက်ရှိသည်။ ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ တရုတ်နိုင်ငံ၏အကျိုးစီးပွားများက ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခတွင် အနောက်အုပ်စု၏ပံ့ပိုးမှုများကို ဖောက်ထွက်နိုင်မည်ဆိုလျှင် ဥရောပသို့ ရုရှားစွမ်းအင်ပြန်လည်တင်ပို့နိုင်သည့် သဘောတူညီချက်များ ရရှိလာမည့်အပြင် အနောက်အုပ်စု၏ ပိတ်ဆို့မှုများကိုလည်း ဖယ်ရှားသွားနိုင်မည်ဖြစ်သည်။ ထိုအချိန် တရုတ်နိုင်ငံအပေါ် စီးပွားရေးနှင့်သံခင်းတမန်ခင်းဆိုင်ရာတို့တွင် လုံးလုံးလျားလျား မှီခိုအားထားနေရမှုများ လျော့ကျလာနိုင်ပေသည်။

သို့တည်းမဟုတ် နှစ်နိုင်ငံကြား တောင်-မြောက်ကိုရီးယားစစ်ပွဲကဲ့သို့ စစ်ရပ်ဆိုင်းရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့မည်ဆိုလျှင် တရုတ်နိုင်ငံအပေါ် ရုရှား၏ ဆက်လက်မှီခိုအားထားမှုသည် တရုတ်နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုကြီးထွားလာစေမည်ဖြစ်သည်။ ထိုအချိန်တွင် တရုတ်နိုင်ငံသည် Sunflower-200 အမျိုးအစား Kamikaze ဒရုန်းများ လွှဲပြောင်းပေးခြင်း အပါအဝင် စွမ်းအင်တင်ပို့မှု၊ အငြင်းပွားနေသော နယ်စပ်အရေးနှင့် လက်နက်ရောင်းချမှုတို့တွင် ရုရှားနိုင်ငံကို ဆက်လက်အားဖြည့် ကူညီသွားဖွယ်ရာရှိနေသည်။

**ကိုးကား**

- **Killer Sunflower : China's kamikaze drone has arrived by Asia Times.**

ဝင်းဇင်(သုတေသန)

# ရေဖြူမြို့နယ် ဇီးကျကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ရေဖြူ စက်တင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ညင်းထွေးကျေးရွာအုပ်စု ဇီးကျကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများနှင့် ရေရရှိရေးကော်မတီဝင်များက ဇီးကျကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူးက လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး ရေရှည်ထိန်းသိမ်းသွားကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ ဆောင်ရွက်ကြရန်၊ စက်ရေတွင်းတူးဖော်ရာတွင် မှတ်တမ်းများ စနစ်တကျထားရှိရန် ဆွေးနွေးမှာကြားသည်။

ရေဖြူမြို့နယ် ဇီးကျကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် အရှည်ပေ ၈၂၀ နှစ်လက်မပိုက် အိမ်တိုင်ရာရောက် သွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းအသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးပါက ဇီးကျကျေးရွာရှိ အိမ်ခြေ ၁၉၅ အိမ်၊ လူ ၈၃၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်က ပြောပြ၍ သိရသည်။



**ကိုမြင့်**

# မိတ္ထီလာမြို့ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးဘုရားပွဲတော်၌ ထည့်သွင်းကျင်းပမည့် ရိုးရာလှေသဘင်ပွဲတော်တွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်မည်



ယခင်နှစ်က လှေပြိုင်ပွဲကို တွေ့ရစဉ်။

**မိတ္ထီလာ စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦး ဘုရားပွဲတော်၌ ထည့်သွင်းကျင်းပမည့် ရိုးရာလှေသဘင်ပွဲတော်တွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သမိုင်းဝင် ကရဝိက်ဖောင်တော်ဦး ဘုရားဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးတင်လှိုင်က ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးဘုရား၏ ဗုဒ္ဓပူဇနိယ ပွဲတော်တွင် အစဉ်အလာမပျက် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ လှေသဘင်ပွဲတော်ကို စက်တင်ဘာ ၂၃ ရက်မှစတင်ကာ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် လောင်းလှေအသင်းပေါင်း ၂၆ သင်း ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

“မိတ္ထီလာမြို့ ကျက်သရေဆောင် သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးဘုရားပွဲတော်မှာ အစဉ်အလာအတိုင်း ရိုးရာလောင်းလှေပြိုင်ပွဲကို ထည့်သွင်းကျင်းပမှာဖြစ်ပါတယ်။ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲမှာ အကြီးတန်း ခြောက်သင်း၊ အငယ်တန်းအသင်း ၂၀ စုစုပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ လောင်းလှေပြိုင်ပွဲတွေကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီကနေ စတင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်”ဟု ဦးတင်လှိုင်က ပြောပြသည်။

အဆိုပါ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အနိုင်ရရှိသော ရိုးရာလောင်းလှေအသင်းများကို ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Bermuda လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်ကို ဒါရိုက်တာ မာ့ဝက်က တာဝန်ယူရိုက်ကူးမည်

**နယူးယောက် စက်တင်ဘာ ၂၂**

ကမ္ဘာကျော်ဘာမြူဒါတြိဂံဒေသကို နောက်ခံထားမည့် Bermuda လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်ကို ဒါရိုက်တာ မာ့ဝက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ယာယီအားဖြင့် Bermuda ဟူ၍ အမည်ပေးထားသော အဆိုပါဇာတ်ကားကို Skydance ကုမ္ပဏီအတွက် မာ့ဝက်က ရိုက်ကူးပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားအတွက် သရုပ်ဆောင်များကို လက်ရှိဖြစ်ပွားနေဆဲဖြစ်သည့် ဟောလိဝုဒ်ဇာတ်ညွှန်းရေးဆရာများနှင့်သရုပ်ဆောင်များသပိတ် ပြီးဆုံးချိန်တွင် ခေါ်ယူမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Bermuda ဇာတ်ကား ရုံတင်မည့်ရက်ကို Skydance ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း၊ ဘာမြူဒါတြိဂံဒေသသည် မရှင်းပြနိုင်သော အကြောင်း တရားများကြောင့် လေယာဉ်နှင့်သင်္ဘောများ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားတတ်မှုကြောင့် ကျော်ကြားသည့်ရေပြင်ဒေသဖြစ်ကြောင်း သိရသည်။

**Ref : Deadline**

**Trs : KKO**



# အမှား ရုပ်သံဇာတ်လမ်းတွဲကို fortune tv မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၂**

အမှား ရုပ်သံဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၈ ရက်မှ စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် သာသာက ပြောပြ၍ သိရသည်။

အမှား ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို မေသူထွန်းက ရေးသားထားခြင်းဖြစ်ပြီး Verden Film Production အတွက် ဒါရိုက်တာ မင်းစနေက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“သာသာ ဒီဇာတ်လမ်းတွဲမှာ ဗန့်ကာရိုက်တာနဲ့ သရုပ်ဆောင်ထားတယ်။ သာနဲ့ ဒီကာရိုက်တာ လိုက်တယ်ဆိုလို့ လက်ခံဖြစ်သွားတာပါ။ ဒီကားထဲမှာ မြိုင်ဆိုတဲ့ နေရာက ရိုက်ထားတယ်။ မြိုင်ကာရိုက်တာက တော်တော်လေးကို လုပ်ကွက်လေးရပါတယ်။ သာ့ကို အခုနောက်ပိုင်း ဗန့်ကာရိုက်တာတွေကို ကမ်းလှမ်းလာတာများကြတယ်။ မြိုင်က သူဌေးကြီးတွေအနားမှာနေပြီး ငွေကိုရေလိုသုံးနိုင်နေပေမဲ့ မပျော်ရွှင်ရတဲ့သူရဲ့ဘဝလေးပေါ့။ သူများအမြင်ကို ဂရုမစိုက်ရာကနေ ဘဝကိုရေစုန်မျှောသွားခဲ့ရတယ်။ ကိုယ့်ဘက်က အမှားတွေလုပ်ပြီးရင်းလုပ်မိနေရာကနေ သူဘယ်လိုဆက်ဖြစ်သွားမလဲဆိုတာကိုတော့ တွေ့ရမှာပါ။ မကြာခင်ပြသတော့မှာမို့ သာတို့ ကြိုးစားရိုက်ကူးထားတာ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်”ဟု သရုပ်ဆောင် သာသာက ပြောပြသည်။




အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေရှိုင်း၊ နေသစ်အေးအောင်၊ မေသူထွန်း၊ မင်းသူ၊ သာသာ၊ ငြိမ်း၊ ဇေယံရွှေ၊ ဟက်ပီး၊ ဇေယျာမင်းထက်၊ သူရဟိန်း၊ လင်း၊ သီဟအောင်၊ အိမ့်ရှုပါသက်လွင်၊ သိင်္ဂီမြင့်၊ မီမီသိန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Underworld ကို ပြန်လည်ဆန်းသစ် ရိုက်ကူးရန် ဒါရိုက်တာ လန်းဝိုက်မင်း စီစဉ်ထား

**နယူးယောက် စက်တင်ဘာ ၂၂**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Underworld ဇာတ်ကားများကို ပြန်လည်ဆန်းသစ်ရိုက်ကူးရန် ဒါရိုက်တာ လန်းဝိုက်မင်းက စီစဉ်ထားကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

သွေးစုပ်ဖုတ်ကောင်များနှင့် သမန်းဝံပုလွေများ၏ စစ်ပွဲကို နောက်ခံပြုထားသော Underworld ဇာတ်ကားများအနက် ပထမဆုံးဇာတ်ကားဖြစ်သည့် Underworld (2013)ကို ဒါရိုက်တာ လန်းဝိုက်မင်းက ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


အလားတူ အထက်ပါဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သော Underworld: Evolution ကိုလည်း လန်းဝိုက်မင်းကပင် တာဝန်ယူ ရိုက်ကူးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Underworld ဇာတ်ကားများကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားသစ်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဒါရိုက်တာ လန်းဝိုက်မင်းက The Entertainment Weekly သတင်းဝက်ဘ်ဆိုက်သို့ စက်တင်ဘာ ၂၀ ရက်က အတည်ပြုပြောကြားထားသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Underworld ဇာတ်ကားများကို ငါးကားထိ ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Movieweb**

**Trs : KKO**




# ရန်ကင်းမြို့နယ် Myanmar Plaza တွင် Miss Grand Myanmar 2024 ပြိုင်ပွဲဝင်အလှမယ်များနှင့် မီဒီယာမိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် Myanmar Plaza တွင် Miss Grand Myanmar 2024 ပြိုင်ပွဲဝင်အလှမယ်များနှင့် မီဒီယာမိတ်ဆက်ပွဲကို စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက Myanmar Plaza Promotion Area ၌ ကျင်းပခဲ့ကြောင်း Miss Grand Myanmar 2023 အလှမယ် နီနီအိမ်လင်းက ပြောပြ၍ သိရသည်။

အဆိုပါ Miss Grand Myanmar 2024 ပြိုင်ပွဲဝင်အလှမယ်များနှင့် မီဒီယာမိတ်ဆက်ပွဲသို့ Miss Grand International Owner Mr.Nawat, Ms.Teresa & Miss Grand International 2022 Isabella Menin တို့နှင့်အတူ Miss Grand Myanmar 2024 ပြိုင်ပွဲဝင် အလှမယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

“ဒီအခမ်းအနားက Miss Grand Myanmar 2024 ပြိုင်ပွဲဝင်အလှမယ်တွေနဲ့ မီဒီယာမိတ်ဆက်ပွဲဖြစ်ပါတယ်။ ဒီအခမ်းအနားကို Miss Grand International ရဲ့ ပိုင်ရှင်တွေနဲ့ Miss Grand International နိုင်ငံတကာအလှမယ်တွေရော Miss Grand Myanmar အလှမယ်တွေပါ တက်ရောက်ကြပါတယ်။ ပြိုင်ပွဲဝင်တွေကို Keyword Challenge ပြိုင်ပွဲလေး လုပ်ပြီးတော့ ဆုတွေလဲပေးအပ်ခဲ့ပါတယ်”ဟု Miss Grand Myanmar 2023 အလှမယ် နီနီအိမ်လင်းက ပြောပြသည်။

Miss Grand Myanmar 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားပြုပြိုင်ပွဲဝင် အလှမယ်ဦးရေ ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး Keyword Challenge ယှဉ်ပြိုင်မှုတွင် Gold Medal ပထမဆုကို မော်လမြိုင်မြို့ ကိုယ်စားပြုအလှမယ် ပန်းလရောင်၊ Silver Medal ဆုကို မြဝတီမြို့ ကိုယ်စားပြုအလှမယ် နန်းခိုင်ရွှေဝါဝင်းနှင့် Bronze Medal ဆုကို တောင်ငူမြို့ ကိုယ်စားပြုအလှမယ် သဲစုငြိမ်းတို့က ရရှိခဲ့ကြောင်း သိရသည်။

ASH

# Majority of hotels and lodges from Shan State apply for enchanting Myanmar health and safety protocol at international level



The spectacular Inlay Lake in Shan State.

**Nay Pyi Taw September 22**

The Ministry of Hotels and Tourism on 19 September stated that the largest number of hotels and lodges applied for participation in the enchanting Myanmar health and safety protocol programme at the international level.

The Ministry of Hotels and Tourism prioritizes a strategy for emergence of a safe tourist destination and enhancement of health and danger free measures in implementing the Myanmar Tourism Strategic Recovery Roadmap-MTSRR.

As such, the Enchanting Myanmar Health and Safety Protocol is being implemented to present Vovid-19 safe service medals to the tourism services.

Hence, the applicant hotels and lodges are being issued the HSP Plaques in accord with the prescribed rules and regulations under the categories of regional level, national level and international level.

A total of 2,380 hotels and lodges at international level are being operated across the nation up to the end of August 2023, 447 of which are located in Shan State.

Of them, 162 hotels and lodges apply for the Enchanting Myanmar Health and Safety Protocol programme.

In this regard, the HSP Plaque has been issued to 146 hotels and lodges among 162 ones in Shan State up to the end of August 2023 and remaining 16 ones are under the plan for issuance of the plaque.

A total of 544 hotels and lodges across the nation applied for the programme. They were 55 hotels and lodges in Nay Pyi Taw, 58 in Mandalay Region, 78 in Yangon Region, 11 in Bago Region, 24 in Sagaing Region, 25 in Taninthayi Region, 20 in Ayeyawady Region, 18 in Magway Region, two in Kachin State, 45 in Kayin State, 15 in Rakhine State, 162 in Shan State and 31 in Mon State. So far, the plaque has been presented to 457 hotels and lodges at international level.

336

# Nawnghkio Township to launch Dokhtawady cloud sea resort before tourism season

**Nawnghkio September 22**

A plan is underway to open the Dokhtawady cloud sea resort in Mepok Village of Nawnghkio Township of Shan State (North) before coming tourism season, said CEC member U Phyo Wai Lin of Shan State branch of the Myanmar Hoteliers Association.

The resort is located on some five acres of land near Mepok Village of Nawnghkio Township, facilitated with equestrian range, cycling range, park and pineapple plantation.

"The resort is like a Luxury Type one. Flowery plants are kept tidy. Travellers can enjoy the views similar to these of PyinOoLwin. Travellers will have the emotion of different scenes from the cloudy sea from Nawnghkiogyi. We have prepared to stage the resorts in northern Shan State for the travellers in coming season," he added.



Photo shows the viewpoint of Dokhtawady cloud sea resort.

Currently, Nawnghkio Township has five cloud seas as resorts for travellers. These are Cloud Sea Nawnghkiogyi, Sea Cloud Resot, Cloudy Villa, Cloud Sea U Tun Shwe and Saopha Hill resorts.

ASH

# More than 110,000 workers registered at social security this financial year

**Mandalay September 22**

Factories and workplaces from districts and townships in Mandalay Region have taken registration of social security this financial year, according to the Mandalay Region Social Security Office.

Relevant government departments and private workplaces arranged social security registration for workers. In this regard, 115,235 workers from 7,423 workplaces have been registered in the social security system, said U Than Naing Oo, in-charge of the Mandalay Region Office.

"Factories and workplaces in the region take social security registration for their workers to have benefits. If those workers face social difficulties, the Social Security Board will arrange assistance for them to help solve the social problems. In this regard, employers need to pay three per cent of incomes and employees two per cent, totalling five per cent to the board on a monthly basis," he added.

Industrial workplaces, public banks, cooperative societies, private workplaces, joint ventures and others with at least five employees have a chance to take social security registration for employees. So far, Mandalay Region has 7,423 workplaces which pay social security registration fee for 115,235 workers.

185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Minbu District meets target by growing over 110,000 acres of paddy this fiscal

**Mingu September 22**

Minbu District in Magway Region has grown over 110,000 acres of paddy in the current fiscal 2023-2024 in order to reach the target yield of 100 baskets per acre, according to U Hla Moe, head of Minbu District Agriculture Department.

The target is being realized under the cooperation between the township agriculture departments in the district.

"We have met the target acreage of paddy in all the townships in cooperation with the local farmers," he said.

Minbu (Saku) Township finished 100 percent growing of paddy in its 59 village-tracts on 20 September. Ngape Township finished 100 percent growing of paddy in its 31 village-tracts. Therefore, the five townships of the district have met the target of growing 119,470 acres of paddy this fiscal year, U Hla Moe added.

Moreover, in Minbu District, the agriculture department in cooperation with local farmers are trying to meet the target yields of other crops groundnut, sesame, sunflower, pigeon pea, gram, and long staple cotton.

For ensuring high yields and good crops, good strains and modern cultivation methods are being provided, according to the agriculture department. Po Htet (Minbu)



A paddy transplanting in progress.

# Yangon International Airport Terminal 1 reallows guests to enter



Photo shows the gate of airport terminal 1.

**Yangon September 22**

Those who want to see off or meet air passengers at the Yangon International Airport have been allowed to enter the building terminal 1, according to sources released by the YIA on 20 September.

Being an international airport, YIA is always busy with local and foreign travelers as well as those who see off or meet at the airport.

For their convenience, therefore, the airport's terminal 1 building allowed guests to enter starting at 11.30 am on 19 September.

Travelers holding all necessary official documents are to enter the airport building through Gates 3 and 4 while their families, relatives or friends as their guests need to enter Gate 2 after receiving admission cards at the registration area near the gate. Then the guests are to leave via Gate 6 after returning the cards.

Security measures are being regularly taken at the airport for the safety of passengers. So, guests need to have security checks and while going round in the airport building, they must wear admission cards. For information, inquiries can be made at Meet & Greet Counter.

336

# Ministry plans to carry out landslide prevention works in three townships in Rakhine State in 2023-2024 FY

**Sittway September 22**

Landslide prevention works will be carried out in Pauktaw, Taungup and Thandwe townships in Rakhine state in the 2023-2024 FY, according to the reports from the Ministry of Transport and Communications released on September 20.

The office of the Region (7) of the Directorate of Water Resources and Improvement of River Systems under the Ministry of Transport and Communications will implement the landslide prevention works of the three townships in Rakhine State in the 2023-2024 FY.

In the current fiscal year, the landslide protection works in Tekhone Village, Pauktaw Township, in Kalaraung Village, Taungup Township and Myopyin Village, Thandwe Township, will be carried out.

In the implementation of the landslide prevention works, business equipment will be purchased from private business owners through open tenders.


Officials inspect a site of landslide by the riverside.

As of September 15, 2023, seven salt water dams and 233 ground water ponds are being repaired and renovation work has already been completed.

336

# Foreign currencies to be sold for import of seven prescribed items of goods via border trade zones

**Nay Pyi Taw September 22**

The Ministry of Commerce has stated that foreign currencies will be sold for the import of seven items of goods through border trade zones.

At the border trade zones, foreign currencies will be sold via online trading for the import of the seven items of goods permitted by the Foreign Exchange Supervisory Committee (FESC). Those items are iron/steel, plastic seeds, pesticides, fertilizers, solar panels and vehicles and machinery. Draft licenses will be issued for them.

For getting permission, importers need to submit remarks at online matching together with FESC No. For the banks also, they need to check if the FESC Number is correct or not to sell foreign currencies.

For other kinds of goods, foreign currencies will be sold only after checks from the Ministry of Commerce. The amount required will be sold at one sitting or in batches. Currently, only Chinese yuan is allowed for use in border trading between Myanmar and China, the FESC has ruled. In applying for import licenses, bank accounts must be shown proving that there are export earnings or foreign currencies purchased from the banks.

336

# Two jailed for killing French bus driver over Covid mask rule

**Paris September 22**

Two men have been jailed after beating a French bus driver to death after he asked them to get off for not correctly wearing face masks during the pandemic.

Wyssem Manai and Maxime Guyennon left Philippe Monguillot beside the bus with serious head injuries in the city of Bayonne in south-west France in 2020.

Manai and Guyennon, were jailed for 15 and 13 years respectively on Thursday.

The pair, both aged 25, were convicted of intentional violence resulting in death without intent to kill.

Prosecutors said Mr Monguillot was set upon after asking small group of men on his bus to show their tickets and adjust face-masks they were wearing over their chins.

The attack on the evening of 5 July 2020 occurred after the end of France's first Covid lockdown, when masks were mandatory on all public transport.

In an ensuing confrontation, Mr Monguillot was kicked and punched and his head hit the pavement as he fell.

The 59-year-old father of three died after five days in hospital.

The attorney general had asked for 15 years imprisonment for the two men who were sentenced at a court in Pau, also in the Pyrenees-Atlantiques region.

Veronique Monguillot, widow of the victim, was angry the men did not get a maximum penalty of 30 years imprisonment.

BBC

# BTS star Suga begins military service in South Korea

**Seoul September 22**

The South Korean star Suga, a member of the phenomenally successful boy band BTS, has begun his mandatory military service, he confirmed on social media.

The singer, whose real name is Min Yoon-gi, is the third member of the band to enlist, after Jin and J-Hope.

"I will faithfully complete my duty and come back," he posted online.

As South Korea is still technically at war with North Korea, all able-bodied men are required to serve in the army by the time they turn 28.

For a long time, it was rumoured that the government might allow the members of BTS to skip the service, on the basis they had already served their country by bringing in billions of dollars, and it would be more beneficial to allow them to carry on doing so.

But last October, all seven member announced they were all planning to enlist, with Jin, as the oldest, going first.

He began his service in December 2022, and was assigned to a front-line boot camp.

Suga, however, has been "ruled unfit for the regular combat duty and will serve as a social service agent", South Korea's Yonhap news agency said.

BBC


Suga is the third member of BTS to enlist in the last 12 months.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းကို Marder 1A3 ချိန်းတပ်သံချပ်ကာ ခြေလျင်တိုက်ခိုက်ရေးယာဉ်အစီး ၂၀ ဂျာမနီ ထပ်မံပံ့ပိုးခဲ့



ဂျာမနီနိုင်ငံသည် ယူကရိန်းကို Marder ချိန်းတပ်သံချပ်ကာ ခြေလျင်တိုက်ခိုက်ရေးယာဉ် (IFV) အစီး ၂၀ ထပ်မံပေးပို့ခဲ့ကြောင်း www.army rec-ognition.com သတင်းဌာနက စက်တင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက ပေးပို့မှုအပါအဝင် ဂျာမနီနိုင်ငံက ယူကရိန်းနိုင်ငံသို့ Marder 1A3 IFV စုစုပေါင်း အစီး ၆၀ ကို ပဋိပက္ခစတင်ချိန်မှ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Marder 1A3 သည် အနောက်ဂျာမနီနိုင်ငံထုတ် ချိန်းတပ်သံချပ်ကာ ခြေလျင်တိုက်ခိုက်ရေးယာဉ် (IFV) အမျိုးအစားဖြစ်ပြီး ၁၉၇၁ ခုနှစ်က စတင်မိတ်ဆက်ခဲ့သည်။ သံချပ်ကာတပ်ဖွဲ့များအတွင်း ခြေလျင်တပ်များအတွက် ထောက်ပံ့ရေးအခန်းကဏ္ဍကို အဓိက တာဝန်ထမ်းဆောင်ခဲ့သည်။

Rheinmetall Landsysteme က ဒီဇိုင်းထုတ်ပြီး Maschinenbau Kiel က ထုတ်လုပ်သော Marder သည် ခိုင်ခံ့စွာဂဟေဆော်ထားသော သံမဏိသံချပ်ကာကို အသုံးပြုထားသည်။ ဤသံချပ်ကာအမျိုးအစားသည် လက်နက်ငယ်များနှင့် ပေါက်ကွဲယမ်းအပိုင်းအစများကို အများဆုံးကာကွယ်ပေးနိုင်စွမ်းရှိသည်။ ထူးခြားသည်မှာ Marder ၏ ရှေ့ကိုယ်ထည်သည် 20 mm Armor-Piercing Discarding Sabot (APDS) Rounds သံချပ်ကာဖောက်ကျည်များထိ ခံနိုင်ရည်ရှိစေရန် ဒီဇိုင်းထုတ်ထားသည်။

Marder 1A3 သည် မူရင်း Marder စီးရီး၏ အဆင့်မြှင့်ဗားရှင်းဖြစ်ပြီး တိုးမြှင့်ထားသော သံချပ်ကာအကာအကွယ်ပါရှိပြီး 20mm အလိုအလျောက်စက်၊ အမြောက်များနှင့် MILAN တင့်ဖျက်ပဲ့ထိန်းဒုံးကျည်စနစ်တို့ တပ်ဆင်ထားသောကြောင့် ၎င်းသည် စစ်မြေပြင်တွင် ကြောက်မက်ဖွယ်ကောင်းသော ခြေလျင်တိုက်ခိုက်ရေးယာဉ်အမျိုးအစား ဖြစ်လာခဲ့ကြောင်း သိရသည်။

ဂျာမနီကာကွယ်ရေးကုမ္ပဏီ Rhein-metall သည် ယူကရိန်းတွင် ချိန်းတပ်သံချပ်ကာတိုက်ယာဉ်အစီးရေ ၂၅၀ ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် မတ် ၄ ရက် ရက်စွဲပါ ဂျာမနီအပတ်စဉ်သတင်းမဂ္ဂဇင်း "Der Spiegel" မှ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ၎င်းတွင် Marder 1A3 ချိန်းတပ်သံချပ်ကာ IFV အစီး ၁၀၀ သာမက Leopard 2A4 နှင့် Leopard 1A5 Main Battle Tanks (MBTs) ပင်မတိုက်ပွဲဝင်တင့်ကားအစီးရေ ၁၅၀ တို့ ပါဝင်သည်။

ထို့ပြင် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် Army Recognition အဖွဲ့မှ အမှတ်(၈၂) ယူကရိန်းလေကြောင်းချေမှုန်းရေးတပ်မဟာက ဂျာမနီပံ့ပိုးပေးထားသော Marder 1A3 အား တိုက်ပွဲများတွင် ၎င်း၏ ပထမဆုံးအသုံးပြုမှုကို ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

**Germany Supplies Ukraine with 20 Additional Marder 1A3 Infantry Fighting Vehicles IFVs ကို ဘာသာပြန်ဆိုထားပါသည်။**

## Lockheed Martin ထံမှဝယ်ယူထားသော ပထမဆုံး F-35 တိုက်လေယာဉ်လေးစင်း ဒိန်းမတ်သို့ရောက်ရှိ

Lockheed Martin ကုမ္ပဏီထံမှ ဝယ်ယူထားသော ပထမဆုံး F-35 Light-ning II အဆင့်မြင့် တိုက်လေယာဉ်လေးစင်းသည် ဒိန်းမတ်နိုင်ငံ Fighter Wing Skrydstrup လေတပ်စခန်းသို့ အခြေစိုက်တပ်စွဲထားရန် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

F-35 တိုက်လေယာဉ်သည် အမေရိကန်နိုင်ငံရှိ ၎င်းတို့၏အခြေစိုက်စခန်းမှ အတ္တလန္တိတ်ကို ဖြတ်ကျော်ပြီး ဒိန်းမတ်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဒိန်းမတ်နိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးကိုအားကောင်းစေရန် လာမည့်ဆယ်စုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅ ဘီလီယံ ခွဲဝေချထားပေးခဲ့ကြောင်း ကြေညာပြီးနောက် ယခုကဲ့သို့ ထွက်ပေါ်လာ ခြင်းဖြစ်သည်။

ဒိန်းမတ်နိုင်ငံမှ ကာကွယ်ရေးစက်မှုဆိုင်ရာ စစ်သံမှူးဗိုလ်မှူးချုပ် Prince Joachim က တော်ဝင်ဒိန်းမတ်လေတပ် (RDAF) ၏ နောက်ဆုံးပေါ် တိုက်လေယာဉ် ဝယ်ယူဖြည့်တင်းခြင်းအစီအစဉ်၏ အရေးပါမှုကို အလေးထားသည့်အနေဖြင့် တိုက်လေယာဉ်များ ရောက်ရှိဆင်းသက်လာခြင်းအခမ်းအနားကို ဦးဆောင်ပြုလုပ်ပေးခဲ့သည်။

F-35 တိုက်လေယာဉ်များရောက်ရှိလာခြင်းသည် ဒိန်းမတ်နိုင်ငံနှင့် ဒိန်းမတ်လက်နက်ကိုင်တပ်ဖွဲ့များကို ပဉ္စမမျိုးဆက် (5th Generation)သို့ အသွင်ကူးပြောင်းရန် မီးရှူးတန်ဆောင်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ဒိန်းမတ်၏ နီးကပ်သောဆက်ဆံရေးကြောင့် အဆင့်မြှင့်တင်မှုဖြစ်နိုင်ကြောင်း Joachim က ပြောကြားခဲ့သည်။

တော်ဝင်ဒိန်းမတ်လေတပ် (RDAF) သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်လေ့ရှိသော F-35 တိုက်လေယာဉ် လေ့ကျင့်ပျံသန်းမှုကို ပံ့ပိုးရန်အတွက် လက်ရှိ Arizona ရှိ Luke လေတပ်အခြေစိုက်စခန်းတွင် F-35 တိုက်လေယာဉ်နောက်ထပ်ခြောက် စင်းတပ်ဖြန့်ထားပြီး အနာဂတ်တွင် တိုက် လေယာဉ် စုစုပေါင်း ၂၇ စင်းထိ ပိုင်ဆိုင် သွားနိုင်ရန် စီစဉ်ထားသည်။

ဒိန်းမတ်နိုင်ငံသည် တိုက်လေယာဉ်များကို လေ့ကျင့်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးများအတွက် အမေရိကန်နိုင်ငံတွင် ထားရှိထားပြီး နောက်ပိုင်းတွင် ၎င်းတို့ကို လွှဲပြောင်းလက်ခံရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။



ဒိန်းမတ်နိုင်ငံ Skrydstrup လေတပ်စခန်းသည် F-35 တိုက်လေယာဉ်များ တပ်စွဲထားသည့် ကမ္ဘာတစ်ဝန်း လေတပ်စခန်းများတွင် ၃၁ ခုမြောက် အခြေစိုက်စခန်းဖြစ်လာခဲ့သည်။

**Denmark's First Four F-35s Arrive ကို ဘာသာပြန်ဆိုထားပါသည်။**

## အာတိတ်ဒေသရှိ ပင်လယ်ပြင်လေ့ကျင့်မှုတွင် ရုရှားက ခရူဇ်ဒုံးကျည်များ လေ့ကျင့်ပစ်ခတ်

အာတိတ်ဒေသရှိ မြောက်ပိုင်းသင်္ဘောလမ်းကြောင်းကို ကာကွယ်ရန်အတွက် ရုရှားနှင့်အလက်စကာတို့ကြား ပင်လယ်ပြင်လေ့ကျင့်မှုတွင် ရုရှားနိုင်ငံက ခရူဇ်ဒုံးကျည်များဖြင့် ပစ်ခတ်လေ့ကျင့်မှုများ စက်တင်ဘာ ၁၈ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘာရင်းပင်လယ်ရှိ ရန်သူ့သင်္ဘောများ



ပုံစံသဏ္ဌာန်တူပြုလုပ်၍ Vulcan၊ Gran-it နှင့် Onyx ခရူဇ်ဒုံးကျည်များကို ကီလိုမီတာ ရာနှင့်ချီအကွာအဝေးမှပစ်ခတ်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် မြေပြင်၊ သင်္ဘောနှင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သည့် ဒုံးကျည်များပါဝင်ပြီး စစ်ဘက်ဝန်ထမ်း အင်အား ၁၀၀၀၀ ခန့်အပြင် လေယာဉ်များနှင့် ရဟတ်ယာဉ်များ ပါဝင်ပြုလုပ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

စစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံ၏ Chukotka ကျွန်းဆွယ်၊ Chu-kchi နှင့် Bering Seas ပင်လယ်ပြင်တို့တွင် ပြုလုပ်ခဲ့ပြီး ရုရှားရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး Nikolai Yevmenov က ကြီးကြပ်ကွပ်ကဲခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခ ၁၈ လအကြာ ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ဖိအားများရှိနေသော်လည်း အာတိတ်နှင့် အရှေ့ဘက်စွန်းဒေသတို့တွင် တပ်ဖွဲ့များ၏တိုက်ပွဲဝင်အသင့် လေ့ကျင့်မှုများကို ဆက်လက်လုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသလိုက်ခြင်းလည်းဖြစ်သည်။

ရာသီဥတုဖောက်ပြန်သဖြင့် အာတိတ်ဒေသရှိ ပင်လယ်ရေခဲပြင်များ လျော့နည်းလာခြင်းကြောင့် မြောက်ဘက်ပင်လယ်လမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ခန့်သုံးစွဲရန် စီစဉ်ထားကြောင်း Nikolai Yevmenov က ပြီးခဲ့သည့်နှစ်တွင် ပြောကြားခဲ့သည်။

မြောက်ဘက် ပင်လယ်လမ်းကြောင်းသည် နော်ဝေနှင့် ဖင်လန်နယ်စပ်အနီးရှိ Murmansk မြို့မှ ရုရှားနိုင်ငံ၏ထိပ်ပိုင်းကိုဖြတ်၍ Alaska အနီးရှိ Bering ရေလက်ကြားထိ ရှည်လျားစွာတည်ရှိကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ပြီးခဲ့သောလက BRICS အဖွဲ့အားမိန့်ခွန်းတွင် မြောက်ပိုင်းပင်လယ်ပြင်လမ်းကြောင်း၏အရေးကြီးပုံကို မီးမောင်းထိုးပြခဲ့ပြီး ရုရှားသည် ဆိပ်ကမ်းများနှင့် လောင်စာဆီဖြည့်တင်းရေး Terminals နေရာသစ်များတည်ဆောက်ကာ ၎င်း၏ ရေခဲခွဲသင်္ဘောများကို တိုးချဲ့ခုတ်မောင်းနိုင်ရန် စီစဉ်နေကြောင်း ပြောကြားခဲ့သည်။

**Moscow fires cruise missiles in sea drills between Russia and Alaska ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၈၄၃၄ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၈၄၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၀၆၆၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၈၄၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နှမ်းစိုက်ပျိုးဖို့အတွက် ဧက ၁၈၀၀၀၀ ကျော် လျာထားပါတယ်။ လက်ရှိတော့ နှမ်း ၁၈၈၄၃၄ ဧက စိုက်ပျိုးပြီးစီးပါပြီ။ မိုးနှမ်းစိုက်ပျိုးမှုက လက်ရှိမှာတော့ လျာထားဧကထက် ၇၇၇၂ ဧက တိုးချဲ့စိုက်ပျိုးနိုင်တယ်။ နှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်မှုရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ရေး၊ GAP စနစ်တွေနဲ့ စိုက်ပျိုးရေးအတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၀၆၄၈ ဧက၊ ကနီမြို့နယ်တွင် ၃၉၁၅၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၈၅၈၀၊ ပုလဲမြို့နယ်တွင် ၈၀၀၅၅ ဧက စုစုပေါင်း ၁၈၈၄၃၄ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၅၁၈၆၀ ဧက၊ ကနီမြို့နယ်တွင် ဧက ၃၉၁၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၈၅၆၀၊ ပုလဲမြို့နယ်တွင် ၇၁၀၉၂ ဧက စုစုပေါင်း ၁၈၀၆၆၂ ဧက ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးနှမ်း တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုးညှင်းမြို့နယ် အာဠဝီကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးညှင်း စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် အာဠဝီကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးညှင်းမြို့နယ် ဦးစီးမှူး ဦးဌေးမြင့်၊ စီမံကိန်းတာဝန်ခံ၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ အာဠဝီကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း လမ်းသွယ်(၉)တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို အကျိုးရှိရှိအသုံးချရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။



အာဠဝီကုန်းကျေးရွာတွင် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ နှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ် သိန်း ၇၅၀ စုစုပေါင်းငွေကျပ် သိန်း ၉၀၀ အသုံးပြုကာ ဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ဇူလိုင်လပထမပတ်က စတင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

# မိုးမိတ်မြို့နယ် နမီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေး

**မိုးမိတ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထက်အောင်က နမီကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အသင်းသူ၊ အသင်းသားများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဝါယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်



**နေပြည်တော် စက်တင်ဘာ ၂၂**

အခြေခံစာတတ်မြောက်ရေး လုပ်ငန်းသည် ပညာရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်နေသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော အမျိုးသားရေး လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာဦးစီးဌာနများရှိ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စေတနာလုပ်အားပေးဆရာ၊ ဆရာမများအဖြစ် ပါဝင်ကြစေရေးအတွက် စည်းရုံးဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြို့နယ်အလိုက် စာမတတ်သူဦးရေစာရင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စိစစ်ချက်အကြိုစာရင်းကောက်ယူအတည်ပြုပြီး ပညာရေးဝန်ကြီးဌာနသို့တင်ပြပေးကြစေလိုပါကြောင်း၊ သို့မှသာ မြို့နယ်အလိုက်၊ ရပ်ကွက်ကျေးရွာအလိုက်ဖွင့်လှစ်ရမည့် စာသင်ဝိုင်းအရေအတွက်နှင့် သင်ကြားရမည့် ဆရာအရေအတွက်ကို သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားရေးလုပ်ငန်းတာဝန်ကို အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် Grade-12 စာမေးပွဲကို စတင်ကျင်းပမည်ဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများအနေဖြင့် စာမေးပွဲစည်းကမ်းများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ဝေသည့် မေးခွန်းပုံစံစာအုပ်များကို ကျောင်းများသို့ အချိန်မီရောက်ရှိအောင် ပေးပို့ကြစေလိုပါကြောင်း၊ အောက်တိုဘာလတွင် သက်ဆိုင်ရာဘာသာရပ်ပါမောက္ခများ၏ မေးခွန်းပုံစံရှင်းလင်းချက်များကို ရုပ်မြင်သံကြားနှင့် သတင်းစာများက ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စာမေးပွဲကိစ္စနှင့်ပတ်သက်၍ အမှားအယွင်းမရှိအောင် တိကျသော လမ်းညွှန်ချက်များ အစည်းအဝေးခေါ်ယူရှင်းလင်းရန်လိုကြောင်း မှာကြား၍ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက စာတတ်မြောက်ရေးလုပ်ငန်းအတွက် လက်ထောက်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ ကွင်းဆင်း၍ စာသင်သားစာရင်း၊ လုပ်အားပေးဆရာ လိုအပ်ချက်များ၊ စာသင်ရန်နေရာတို့ကို စာရင်းပြုစုတင်ပြရန်နှင့် ဒေသခံစေတနာရှင်လုပ်အားပေးများကို ဦးစားပေးစာရင်းကောက်ယူရန် ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်က လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ခြေအသံကိုနားထောင်ရန်နှင့် အခက်အခဲ၊ ပြဿနာများကြုံတွေ့ရပါက သမာသမတ်ကျစွာဖြင့် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန်တို့ကိုပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်တို့ ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

**နေပြည်တော် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် ဆေးကုသမှုခံယူနေသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။**



# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Service Co., Ltd. ကတင်သွင်းလာသော BAIC BEIJIN GEU5 Plus အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co.,Ltd.က တင်သွင်းလာသော AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့လည်းကောင်း၊ Premier Automotive Ltd. က တင်သွင်းလာသော Geely Geometry C အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့လည်းကောင်း ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်မှ ကျေးလက်နေဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ပြန်လည်ရောက်ရှိ၊ မြို့ပေါ်နှင့် ကျေးလက်နေဒေသခံပြည်သူ စုစုပေါင်းဦးရေ ၅၅၈၀ တို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်း နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်မှ ကျေးလက်နေဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို တွဲဖက်စစ်ရေးချုပ်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းပေးအပ်ကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှု ပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု အရာရှိ၊ စစ်သည်များပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ် ပါဝင်ပြီး စစ်ကိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူ ဦးရေ ၅၅၈၀ တို့ကို စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်ထိ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၃၄၂ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၆၅ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ ၄၁၇ ဦး၊ ကလေးရောဂါ ၃၀၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၄၅ ဦး၊ အရိုးရောဂါ ၇၆၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄၈ ဦး၊ မျက်စိရောဂါ ဦးရေ ၁၃၀၀၊ သွားရောဂါ ၄၂၈ ဦး စုစုပေါင်းပြည်သူ ဦးရေ ၅၅၈၀ ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သာမန်ခွဲစိတ်လူနာ စုစုပေါင်း ၅၆ ဦး၊ မျက်စိခွဲစိတ်လူနာစုစုပေါင်း ၆၂ ဦး၊ ရွေ့လျားခွဲစိတ်ယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်များဖြင့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာစုစုပေါင်း ၃၁၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာစုစုပေါင်း ၂၈၃ ဦး၊ Ultrasound စမ်းသပ်လူနာစုစုပေါင်း ၄၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်မှု လူနာစုစုပေါင်း ၅၉၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိသည့် ဒေသခံပြည်သူ နှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ စနစ်တကျလွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဒေသခံပြည်သူ ၇၂၂ ဦးတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ်ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ၊ မော်တော်ယာဉ်လမ်းများ ပုံမှန်ပြေးဆွဲလျက်ရှိ





နယ်မြေခံတပ်မတော်သားများက ဘုရားသုံးဆူမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို လုံခြုံမှု အပြည့်အဝရရှိစေရေး လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူလူထု၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူလူထုများ သက်သာချောင်ချိစွာဖြင့် အခြေခံစားကုန်များ ဝယ်ယူစားသုံးနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးခဲ့ရာ စားရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။

၎င်းအပြင် ကြာအင်းဆိပ်ကြီးမြို့၊ သံဖြူဇရပ်မြို့နှင့် ကော့ကရိတ်မြို့တို့မှ ဘုရားသုံးဆူမြို့သို့ ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းများ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များမှာလည်း ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ရေဘေးသင့်ပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး တွံတေးတူးမြောင်း မြစ်ရေတိုက်စားမှုဖြစ်ပေါ်ခဲ့ပြီး မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ မြစ်ကမ်းပါးအနီးတွင် ဆောက်လုပ်နေထိုင်လျက်ရှိသော နေအိမ် ၁၀ လုံးခန့် ပြိုကျပျက်စီးသွားခဲ့သည်။

အဆိုပါ နေအိမ်ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်၍ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများကို လွတ်ကင်းရာ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးသည်။ ထို့ပြင် ဒလမြို့နယ် တာကြီးရပ်ကွက်ရှိ ပုညာရာမကျောင်းတိုက် ဓမ္မဝိနယ သာသနာ့ဗိမာန်တော်ကြီး၌ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးအဖွဲ့က သံဃာတော်များနှင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် အဆိုပါကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၅၀၀ နှင့် နယ်မြေခံတပ်မတော်ဆေးရုံတို့၌ စုပေါင်းသွေးလှူဒါန်း



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး သွေးအလှူရှင်တစ်ဦးကို လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၅၀၀ နှင့် နယ်မြေခံတပ်မတော်ဆေးရုံတို့ရှိ သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကာ သွေးအလှူရှင်များအတွက် လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့ဖြင့် စက်တင်ဘာ ၂၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားအသင်းများကို တွေ့ဆုံ




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း ပြိုင်ပွဲဝင် အားကစားအသင်းများကို အင်အားဖြည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အားကစားအသင်းများအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊အသင်းအုပ်ချုပ်သူအရာရှိများ၊ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများကို အင်အားဖြည့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အသင်းများ၏ အခြေအနေများအား အသီးသီးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ကရာတေး၊လက်ဝှေ့နှင့် ပြေးခုန်ပစ်စသည့် အားကစားနည်းများကို ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌လည်းကောင်း၊ အင်္ဂပူမြို့နယ်ရှိ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များကို ကွင်းကောက်မြို့ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ လည်းကောင်း ယနေ့တွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သီးခြားစီ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အဖွင့်အမှာစကားများပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်




(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ရာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုနှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စဝ်စံထွန်းဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် ပြည်နယ်ရဲတပ်ဖွဲ့ဝင် ၃၄ ဦးက ဆေးရုံရှိ သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Su Myat Noe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ ခိုင်စုသက်(ခ)စုမြတ်နိုးကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Nay Oo Aung Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြွန်တန်ဆာမြို့ အမှတ်(၃)ရပ်ကွက်နေ အောင်အောင်(ခ) ဂျင်မီကို ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# မနီလာမြို့အနီးရှိ မီးတောင်အတွင်းမှ မီးခိုးငွေ့များထွက်ပေါ်နေမှုကြောင့် ဒေသခံများကို နေအိမ်အတွင်း၌သာနေထိုင်ရန် သတိပေးချက်ထုတ်ပြန်



**မနီလာ အောက်တိုဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီးရှိ မီးတောင်အတွင်းမှ မီးခိုးငွေ့များထွက်ပေါ်နေပြီး မီးခိုးငွေ့များသည် မနီလာမြို့ကို ဖုံးလွှမ်းလျက်ရှိသည့်အတွက် ဒေသခံများကို နေအိမ်အတွင်း၌သာ နေထိုင်သွားရန် မနီလာအာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါမီးခိုးငွေ့များမှာ မီးတောင်အတွင်းမှ ထွက်ပေါ်လာသည့်အတွက် ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်များ ရောနှောပါဝင်နေသောကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မနီလာမြို့အပါအဝင် မီးခိုးငွေ့များပျံ့နှံ့ရောက်ရှိနေသော မြို့ကြီး၄မြို့မှ စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားပြီး ဒေသခံများအနေဖြင့်လည်း မလိုလားအပ်ဘဲအပြင်သို့သွားလာခြင်းကို ရှောင်ကြဉ်ရန် ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းကလည်း သတိပေးချက်ထုတ်ပြန်ထားသည်။

"ဘာတန်ဂတ်စ် စီရင်စုမှာ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာ ခံစားနေရသူတွေ များပါတယ်။ တယ်လ်မီးတောင်ကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေက မနီလာမြို့ကိုဖုံးလွှမ်းနေလို့ ဒေသခံတွေအနေနဲ့နေအိမ်အတွင်းမှာပဲ နေထိုင်သွားကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု မနီလာအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရန်ဒီဒယ်လာပက်ဇ်က ပြောကြားခဲ့သည်။

တယ်လ်မီးတောင်သည် ၃၁၁ မီတာထိမြင့်မားပြီး ဖိလစ်ပိုင်နိုင်ငံရှိ သက်ဝင်လှုပ်ရှားမှုအမြင့်ဆုံး မီးတောင် ၂၄ လုံးစာရင်းတွင်ပါဝင်နေသည့်မီးတောင်ဖြစ်ကြောင်း၊ မီးတောင်အတွင်းမှ မီးခိုးငွေ့များ ထွက်ပေါ်လာခြင်းသည် မီးတောင်ပေါက်ကွဲမှုနှင့် ဆက်စပ်မှုမရှိဘဲ မီးတောင်အတွင်းရှိ ချော်ရည်များ၏ အပူရှိန်ကြောင့်ဖြစ်ကြောင်း ဘာတန်ဂတ်စ် မြေငလျင်နှင့် မီးတောင်အင်စတီကျူမှ သုတေသီများက ထုတ်ပြန်သွားခဲ့သည်။

**Ref : Asia One**

**Trs : Sai Sat**

# နယူးဇီလန်နိုင်ငံ ကွင်းတောင်းမြို့တွင် ရေကြီးရေလျှံမှုကြောင့် အသွားအလာပိတ်ပင်ထား

**ဝယ်လင်တန် အောက်တိုဘာ ၂၂**

နယူးဇီလန်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည် အများဆုံးလာရောက်လည်ပတ်လေ့ရှိသည့် ကွင်းတောင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသည့်အတွက် အသွားအလာပိတ်ပင်ထားကြောင်း နယူးဇီလန်အာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများကို ယာယီပိတ်ပင်ထားသလို စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှု မများသေးသော်လည်း မိုးရေချိန်မြင့်မားနေဆဲဖြစ်သည့်အတွက် ရေကြီးရေလျှံမှု ပိုမိုဆိုးရွားလာကာ ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်တက်လာဖွယ်ရှိနေကြောင်းလည်း တောင်ကျွန်းအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။



"နေရာအနှံ့အပြားမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံလူဦးရေ ၁၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေနဲ့လိုက်လံချိတ်ဆက်ပြီး လိုအပ်တာတွေကူညီပေးဖို့ဆောင်ရွက်နေပါတယ်။ ဒေသခံတချို့ကတော့ ကယ်ဆယ်ရေး ဝန်ထမ်းတွေရဲ့ အကူအညီနဲ့ ရွှေ့ပြောင်းထားတဲ့အတွက် ကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားပါတယ်"ဟု ကွင်းတောင်းမြို့တော်ဝန် ဂလင်းလောဝါက ပြောကြားခဲ့သည်။

**Ref : Stuff**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံ ဆက်တယ်မြို့တွင် မိုးခေါင်နေသဖြင့် ဒေသခံ ၁ ဒသမ ၅ သန်းခန့်က သောက်သုံးရေသိုလှောင်ထိန်းသိမ်းပေးရန် အာဏာပိုင်အဖွဲ့အစည်းထံတောင်းဆို

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် ဆက်တယ်မြို့တွင် မိုးခေါင်နေသဖြင့် ဒေသခံပြည်သူ ၁ ဒသမ ၅ သန်းခန့်က သောက်သုံးရေသိုလှောင်ထိန်းသိမ်းမှု ပြုလုပ်ပေးရန် အာဏာပိုင်အဖွဲ့အစည်းထံသို့ ယနေ့တွင် တောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝါရှင်တန်ပြည်နယ် တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် မိုးခေါင်မှုဖြစ်ပွားနေခြင်းဖြစ်ပြီး မြစ်ချောင်းများတွင်လည်း ရေပမာဏကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများက မိုးခေါင်နေသည့် ကာလအတွင်း မြက်ခင်းပြင်များ ရေလောင်းခြင်းကို တားမြစ်ပေးရန်၊ ရေချိုးချိန်လျှော့ချရန်တိုက်တွန်းခြင်း၊ အဝတ်လျှော်စက်များ၊ အိုးခွက်ပန်းကန်ဆေးကြောခြင်းများအတွက်သာ ရေကိုအသုံးပြုရန်၊ ပေါက်နေသည့်ရေပိုက်များကို အမြန်ဆုံးပြင်ဆင်ပေးရန်အတွက် ဆက်တယ်မြို့သောက်သုံးရေဖြန့်ဝေခြင်းကို တာဝန်ယူထားသည့်အဖွဲ့အစည်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

"မိုးခေါင်မှုကြောင့် ရေလှောင်ကန်တွေမှာ ရေပမာဏကျဆင်းနေသလို မြစ်ချောင်းတွေမှာလဲ ရေပမာဏကျဆင်းနေပါတယ်။ ပြည်သူတွေကလဲ သောက်သုံးရေပြတ်လပ်မှာကို စိုးရိမ်တဲ့အတွက် အကြံပေးတာတွေ၊ တောင်းဆိုတာတွေ ရှိလာတယ်။ ပြည်သူတွေရဲ့ ဆန္ဒအတိုင်း လုပ်ဆောင်နေတဲ့အကြောင်း အသိပေးအပ်ပါတယ်"ဟု ဆက်တယ်မြို့ သောက်သုံးရေ ဖြန့်ဝေရေးကို တာဝန်ယူထားရသည့်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အဲလိဇဘတ်ဂါစီယာက ပြောကြားခဲ့သည်။

ဝါရှင်တန်ပြည်နယ်တွင် နွေရာသီ၌ ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး လက်ရှိအချိန်ထိပူပြင်းခြောက်သွေ့ကာ မိုးခေါင်သဖြင့် သောက်သုံးရေအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်လာကြောင်း၊ မြစ်ချောင်းများတွင် ရေပမာဏကျဆင်းလာခြင်းမှာ ဂေဟစနစ်ကိုလည်းထိခိုက်လာစေနိုင်သလို ရေအောက်သတ္တဝါများအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း သိရသည်။

**Ref : The Star**

**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)




၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# မျက်ရည်ပိုးရွာသောအလှူပွဲ

ချစ်မင်း(မြစ်သား)



(၁)

ထွေးခင်၏အဖေဦးမြင့်သည် တီဗီမှလာသော သတင်းကိုကြည့်နေခဲ့သည်။ တစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးပျံ့နှံ့ကူးစက်နေသော ကိုဗစ်ကြောင့် လူအများအပြားသေဆုံးနေသည့်အချိန်။ လူနာတင်ကားမှ အရေးပေါ်အချက်ပေးသံကြားလျှင် လူတိုင်းထိတ်လန့်တုန်လှုပ်နေခဲ့သည့်အချိန်ဖြစ်လေသည်။

“ယခု ကိုဗစ်-၁၉ အတည်ပြုလူနာစာရင်းကို ဆက်လက်တင်ဆက်ပေးသွားပါ့မယ်ရှင်”

ဦးမြင့်တစ်ယောက် တီဗီမှလာသောသတင်းကို ကြည့်နေရင်း စိတ်မကောင်းဖြစ်နေမိသည်။ ကမ္ဘာကြီးသည် ကပ်ရောဂါဆိုးကြီးကြောင့် အကျည်းတန်ရုပ်ဆိုးခဲ့ရရှာပြီ။

“သမီးထွေးခင်”

“ရှင် အဖေ”

“အခုဆိုရင် ကိုဗစ်က အဖေတို့တောရွာတွေမှာလဲ တော်တော်ပျံ့နေပြီထင်တယ်သမီးရဲ့။ ရွာထဲကလူတွေ ကျန်းမာရေးကောင်းကြလားသမီး”

ဦးမြင့်သည် နေထွက်မှနေဝင်သည်ထိ တောနှင့် အိမ်၊ အိမ်နှင့်တောကိုသာသွားလာခြင်းဖြင့် အချိန်ကုန်လေ့ရှိသောသူဖြစ်လေသည်။ သူ့ဘဝအစိတ်အပိုင်းများသည် မိဘ၏အမွေဖြစ်သော လယ်ယာလုပ်ငန်းကို ဦးစီးလုပ်ကိုင်ခြင်းဖြင့် ဖြတ်သန်းခဲ့ရရှာသည်။ သူ့လိုလူအဖို့ ပြင်ပသတင်းများနှင့် အဆက်အသွယ်ပြတ်တောက်နေတတ်သည်မှာ အဆန်းတော့မဟုတ်ပေ။

“သမီး ရွာထဲကလူတွေနဲ့တွေ့ရသလောက်တော့ သူတို့အကုန်လုံးလိုလို နေကောင်းပါတယ်။ တချို့လောက်ပဲ ချောင်းညာကိုက်ခဲပြီး နေထိုင်မကောင်းဖြစ်နေတာလို့ ကြားတယ်အဖေ”

“သမီးရဲ့ဈေးဆိုင်ကို ခဏလောက်ပိတ်စေချင်တယ်ကွယ်”

“ဘာဖြစ်လို့လဲအဖေရဲ့”

“မနက်မှပြောတော့မယ်သမီး”

ဦးမြင့်၏စကားကြောင့် ထွေးခင် ကြောင်တောင်တောင်ဖြစ်ရတော့သည်။ အတွန့်မတက်ရဲသောကြောင့် ဆက်မမေးဘဲနေလိုက်တော့၏။ ဦးမြင့်သည် သမီးလေးထွေးခင်ကို ပင်ပန်းသောတောင်သူအလုပ်ကို မလုပ်ကိုင်စေချင်သဖြင့် အရင်းအနှီးထုတ်ပေးကာ ကုန်စုံဆိုင်လေးတစ်ဆိုင် ထောင်ပေးခဲ့လေသည်။ သို့သော် ထွေးခင်တို့လိုတောင်သူကြီးများသည် အပိုလုပ်ငန်းမလုပ်လည်း ပြေလည်နေသော လူချမ်းသာများပင်ဖြစ်သည်။ စီးပွားရေးကလည်းပြည့်စုံသောကြောင့် ပူပင်သောကဆိုသည်မှာ သိပ်မရှိလှပေ။ ထိုမိသားစုလေးကို ကံကြမ္မာဆိုးတစ်ခုက ဝင်ရောက်မွှေနှောက်လိမ့်မည်ဟု မည်သူထင်မလဲ။

( ၂ )

နံနက်မိုးလင်းတော့-

“သမီးထွေးခင်၊ အဖေ့ကို ဆေးခန်းလိုက်ပို့အုံး”

ဦးမြင့်၏စကားကြောင့် ထွေးခင် တအံ့တဩဖြစ်ရသည်။

“ရုတ်တရက်ကြီး ဘာဖြစ်လို့လဲအဖေရဲ့။ ညကမှ အကောင်းကြီး”

“ညကအကောင်းဆိုလဲ မနက်ကျအလောင်းဖြစ်သွားတာတွေအများကြီးပါပဲသမီးရယ်။ အဖေက ညောင်းကိုက်ရုံလေးပါ။ သိပ်လဲထူးဆန်းမနေပါနဲ့။ ကိုဗစ်ကာလလဲဖြစ်နေတော့ ရောဂါကိုမွှေမထားချင်ဘူး။ ပြီးတော့ ကိုဗစ်ရှိ၊ မရှိ စစ်ချင်လို့”

“ဟာ အဖေကလဲ အဖေက တောနဲ့အိမ်၊ အိမ်နဲ့တောပဲသွားနေတာ ဘယ်ကကိုဗစ်ရှိမှာလဲ။ ရိုးရိုးနေမကောင်းဖြစ်တာနေမှာပါ”

“အဲဒီလိုမဟုတ်ဘူးလေသမီးရဲ့။ သမီးဈေးဆိုင်ကလူစုံတယ်လေ။ ကိုဗစ်ဆိုတာမျိုးက ထိတွေ့မှုများရင် ကူးလွယ်တာမဟုတ်လား။ ဒါကြောင့်လဲ ဈေးဆိုင်ကို ခဏပိတ်ခိုင်းတာ”

ထွေးခင်သည် ကိုဗစ်ကပ်ရောဂါဖြစ်နေစဉ်အတွင်း ကိုဗစ်စည်းကမ်းများကို လိုက်နာသည့်အနေဖြင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ဆေးရည်ကိုအသုံးပြုခြင်း၊ ဈေးဝယ်သူများနှင့်ခပ်လှမ်းလှမ်းနေခြင်းစသည့် အပြုအမူများကို သတိရှိစွာကျင့်သုံးလေ့ရှိသည်။ ထိုစည်းကမ်းများကို ကျင့်သုံးနေပါလျက် ဦးမြင့်၏စကားများကြောင့် စိတ်ထဲတွင်တော့မတင်မကျဖြစ်နေမိသည်။

“ဟုတ်ကဲ့ပါ။ အဖေသွားချင်ရင်လဲ သမီးလိုက်ပို့မယ်လေ”

လူတိုင်း၏ခန္ဓာကိုယ်သည် ခေတ်မီသောစက်ကိရိယာဖြင့် စစ်ဆေးကြည့်လျှင် ရောဂါတစ်မျိုးမဟုတ်တစ်မျိုး ရှိနေတတ်သည်။ တိုးတက်လာသောသတင်းမီဒီယာခေတ်တွင် ထွေးခင်သည်လည်း ခေတ်နောက်မကျခဲ့ပေ။ ထိုသဘောတရားကို ကောင်းစွာသိလေသည်။ “အဖေ့မှာ ဘာရောဂါမှမရှိပါစေနဲ့”ဟုထွေးခင်တစ်ယောက် စိတ်ထဲကဆုတောင်းနေမိသည်။

(၃)

ဆေးခန်းရောက်သည့်အချိန်ထိ ဦးမြင့်၏မျက်နှာသည် ကြည်လင်နေသည်။ ကိုဗစ်ပိုးရှိ၊ မရှိကို လာပြီးစစ်သာစစ်ရသည်။ “ကိုဗစ်မရှိနိုင်ဘူး”ဟူသော အတွေးမျိုးသာတွေးနေ၏။ လူတိုင်းသည် ကောင်းသောအရာများကိုသာ ရယူချင်ကြသည်။ ထိုအထဲတွင် ဦးမြင့်လည်းပါဝင်သည်။ ဆေးကုသရန်အလှည့်ရောက်လာတော့ ဦးမြင့်တစ်ယောက် ဆေးခန်းထဲသို့ဝင်သွားလေပြီ။ ဆရာဝန်က နှာခေါင်းတို့ဖတ်ယူကာ လိုအပ်သည်များကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးလေသည်။ ထို့နောက် သောက်ဆေးတချို့ပေးပြီး အပြင်တွင် ခေတ္တခဏစောင့်နေပေးရန် ပြောလေသည်။ ဦးမြင့်လဲ ဆေးခန်းထဲမှ ပြန်ထွက်လာတော့သည်။ ထိုအချိန်ထိ ဦးမြင့်၏မျက်နှာကြည်လင်နေဆဲ။ ခဏကြာတော့ ဆရာဝန်သည် စာအိတ်လေးတစ်အိတ်ကိုင်ကာ ဆေးခန်းထဲမှ ထွက်လာပြီး-

“ဦးမြင့် ဆေးခန်းထဲဝင်လို့ရပါပြီ”

“ဟုတ်ကဲ့ဆရာ”

ထွေးခင်၏စိတ်ထဲမှာတော့ အဖေဖြစ်သူအတွက် စိုးရိမ်သောကတို့နေရာယူနေရှာပြီ။ သမီးတစ်ယောက်၏ ဖခင်အပေါ် ချစ်ခင်စိတ်၊ ကြင်နာစိတ်၊ အားကိုးလိုစိတ်၊ ဆုံးရှုံးရမည်ကိုကြောက်သည့်စိတ်များ ထွေးခင်မှာ အပြည့်အဝရှိလေသည်။ ငယ်စဉ်ကတည်းက အတူနေလာခဲ့သောအဖေကို တစ်နေ့ရောက်လျှင် ခွဲခွာရပေဦးမည်ဟူသောအတွေးမျိုး ထွေးခင်တစ်ကြိမ်တစ်ခါမျှမတွေးဝံ့ခဲ့ပေ။ ပုထုဇဉ်လူသားထဲကတစ်ယောက်မို့ အတ္တစိတ်များသာ ကိန်းအောင်းနေခဲ့၏။ သည်တစ်ခါလည်း ထွေးခင်တစ်ယောက်ဆုတောင်းနေမိပြန်သည်။

“အဖေ့မှာ ကိုဗစ်မရှိစေနဲ့”

ထွေးခင်တစ်ယောက် အကြိမ်ကြိမ်ဆုတောင်းခဲ့သော်လည်း-

“စိတ်မကောင်းပါဘူးဦးမြင့်၊ ဆေးစစ်စာရွက်ကို စာအိတ်ထဲမှာထည့်ထားတယ်”

“ဗျာ ကျွန်တော့်မှာ ကိုဗစ်ရှိနေတာလား”

ဦးမြင့်တစ်ယောက် တုန်လှုပ်ချောက်ချားသွား၏။ ချက်ချင်းဆိုသလို မျက်နှာတစ်ခုလုံးချွေးများထွက်လာသည်။ ဆရာဝန်ကတော့ ဦးမြင့်၏အမေးကို ခေါင်းတစ်ချက်ညိတ်ပြခြင်းဖြင့်သာ ဖြေဆိုလိုက်သည်။ ဆရာဝန်တစ်ယောက်၏အလုပ်သည် လူနာများ၏ရောဂါများကို ကုသပေးရသည်မှာမှန်သော်လည်း မည်သည့်လူနာကိုမျှ စိတ်ဆင်းရဲနေခြင်းများဖြစ်နေခြင်းကို ကြည့်ရက်နိုင်လိမ့်မည်မထင်။

“စိတ်မကောင်းပါဘူးဦးမြင့်။ ဘယ်လိုပဲဖြစ်ဖြစ်ဗျာ။ ကိုဗစ်ရှိတိုင်း သေကြတာမှမဟုတ်တာ အားတင်းထား။ စိတ်ဓာတ်မကျပါနဲ့။ အားရှိတဲ့အစာ များများစားပေးနော်။ အိပ်ရေးလဲဝအောင်အိပ်။ မိသားစုနဲ့အတူနေရင်လဲ အခြားသူတွေကိုမကူးအောင် သီးသန့်နေပေါ့”

ဦးမြင့်လည်း ဆရာဝန်၏ညွှန်ကြားချက်များကို နားထောင်ပြီးနောက် ညှိုးနွမ်းနေသောမျက်နှာဖြင့် နှုတ်ဆက်စကားပြောပြီး ဆေးခန်းထဲမှ ထွက်လာခဲ့ရှာသည်။

“အဖေ ဆရာဝန်က ဘာပြောလဲ”

ထွေးခင်၏အမေးကို ဦးမြင့်ပြန်မဖြေတော့ပေ။ ထွေးခင်လည်း ဖခင်ဖြစ်သူ၏ သိသိသာသာညှိုးကျနေသောမျက်နှာကို သတိထားမိပြီး သိလိုစိတ်ပိုမိုပြင်းပြလာ၏။

“ဖြေပါအဖေရဲ့၊ အဖေ့ဆေးစစ်ချက်အောင်လား”

“မအောင်ဘူးသမီး”

“ဖြစ်မှဖြစ်ရလေအဖေရယ်”ဟူ၍ တစ်ခွန်းသာပြောနိုင်တော့၏။

(၄)

ဆေးခန်းကပြန်လာပြီး ဦးမြင့်တစ်ယောက် အိမ်ပြန်ရောက်တော့ အိပ်ရာထဲမှာပဲ ခွေခေါက်နေသည်။ စိတ်ဓာတ်ကျနေတော့ ရုပ်ရည်ကလဲ နဂိုမူလထက် ပိုပြီးအိုစာသွားသယောင်ရှိ၏။ မိသားစုက အားပေးစကားများပြောပြီး ကောင်းမွန်စွာဂရုစိုက်သော်လည်း ဦးမြင့်မှာတော့ စားမဝင်၊ အိပ်မပျော်ဖြစ်နေရရှာသည်။ ကိုဗစ်ဖြစ်လျှင် သေရမည်ဟူသောအတွေးကပဲ သူ့ခေါင်းထဲမှာ နေရာယူနေသည်။ စိတ်ထောင်းကိုယ်ကြေဆိုသလို ဦးမြင့်၏ကျန်းမာရေးအခြေအနေသည် ချက်ချင်းပြောင်းလဲသွားပြီး ဆေးခန်းကပြန်လာသည့်ညမှာပဲ အမောဖောက်လာတော့သည်။ အသက်ရှူရသည်မှာ ပင်ပန်းလွန်းတော့ ဦးမြင့် အင်မတန်စိတ်ဆင်းရဲနေရသည်။ သေခြင်းအကြောင်းကိုတွေးမိတော့ ကျန်ရစ်ခဲ့မည့်မိသားစုအတွက် စိတ်မချနိုင်ဖြစ်နေရှာသည်။ သို့သော် သေခြင်းတရားကို ဦးမြင့်အပါအဝင် လူသားအားလုံး ရင်ဆိုင်ကြရပေဦးမည်။ အသက်အရွယ်ကြီးရင့်နေသည်ကတစ်ကြောင်း၊ စိတ်ဓာတ်မခိုင်မာသည်ကတစ်ကြောင်းကြောင့် သေမင်းနှင့်စစ်ခင်းကစားသည့်ပွဲမှာ နံနက်မိုးလင်းသည့်အချိန်၌ ဦးမြင့်ခမျာ ရှုံးနိမ့်သွားခဲ့ပြီး လူ့လောကထဲမှ အပြီးထွက်ခွာသွားရရှာသည်။ ဦးမြင့်၏ နာရေးသတင်းကိုကြားသောလူအားလုံး အံ့ဩကြကုန်ပြီး တုန်လှုပ်ချောက်ချားခြင်းများပါဖြစ်ကုန်ကြ၏။ ရွာထဲတွင် ကိုဗစ်ကြောင့် သေဆုံးသူသည် ဦးမြင့်က ပထမဆုံးဖြစ်ခဲ့သည်။ ဦးမြင့်သေဆုံးသွားတော့ ရွာသူရွာသားများလည်း ကျန်းမာရေးကိုပိုပြီးဂရုစိုက်ကြကုန်၏။

(၅)

နေ့၊ ရက်၊ လတို့ကုန်ဆုံးခဲ့ပြီ။

“အမေ၊ သမီးညက အဖေ့ကိုအိပ်မက်မက်တယ်”

ထွေးခင်၏စကားကို ဒေါ်ခင်နု ပေါ့ပေါ့ပါးပါးပဲ ပြန်ဖြေလိုက်သည်။

“သမီးစိတ်စွဲနေလို့ဖြစ်မှာပါ။ သမီးအဖေဆုံးတာ တစ်နှစ်တောင်ပြည့်တော့မယ်”

အမေဖြစ်သူ၏စကားကို ထွေးခင် သိပ်သဘောမကျပေ။ တစ်သက်လုံးအတူနေလာခဲ့သည့်အဖေ့ကို စိတ်စွဲရုံသာမက ဖြစ်နိုင်လျှင် အဖေနှင့်ပြန်ဆုံချင်သေးသည်။ သည်ခံစားချက်က သားသမီးတိုင်းလိုလိုဖြစ်နေကျမဟုတ်ပါလား။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းသဘောကို ထွေးခင်လိုအရွယ်ရောက်နေသောလူတစ်ယောက်အဖို့ မသိဘဲနေမလား။ သို့သော်-

“သမီး အခုထိမဖြေနိုင်သေးဘူးအမေ။ အဖေသေတော့ ရဟန်းမပါ၊ လိုက်ပို့သူမပါဘဲသင်္ဂြိုဟ်ခဲ့ရတာ”

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၇၈၁၀၀ စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၇၈၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၆၁၈၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်းဧက ၇၈၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်းခရိုင်မှာ ဒီနှစ်မိုးသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၈၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ပဲတီစိမ်းဧက ၇၈၁၀၀ စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့အတွက်လဲ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်”ဟု ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ပဲတီစိမ်းဧကလျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၃၄၁ ဧက၊ မိုးပဲတီစိမ်း ၄၅၁၉၄ ဧက၊ မြင်းမူမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၈၁၅ ဧက၊ မိုးပဲတီစိမ်း ၁၆၆၀၉ ဧက၊ မြောင်မြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၆၂၇၉ ဧက၊ မိုးပဲတီစိမ်း ၁၆၉၅၀ ဧကဖြစ်ကြောင်း၊ စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၁၀၂ ဧက၊ မိုးပဲတီစိမ်း ၄၂၂၂၁ ဧက၊ မြင်းမူမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၈၁၈ ဧက၊ မိုးပဲတီစိမ်း ၁၅၇၇၂ ဧက၊ မြောင်မြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၂၆၉၃ ဧက၊ မိုးပဲတီစိမ်း ၁၆၈၉၄ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# လဲချားမြို့နယ် ဝမ်ပုံ-ဆီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုံတိုက်အုပ်စု ဝမ်ပုံ-ဆီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဝမ်ပုံကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝမ်ပုံ-ဆီကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၅၀ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

► စာမျက်နှာ ၂၄ မှအဆက်

ဦးမြင့်သေဆုံးခဲ့သောအချိန်သည် ကိုဗစ်ကာလဖြစ်နေခဲ့သည့်အတွက် ဈာပနပွဲကျင်းပခွင့်မရခဲ့ပါ။ မည်သူမျှလိုက်မပို့လိုက်ရဘဲ လူမှုကူညီရေးအသင်းက နာရေးကားပေါ်မှာ ဦးမြင့်တစ်ယောက်လိုက်ပါသွားခဲ့ရရှာသည်။ ယခုမူ နေ့ရက်၊ လတို့လွန်မြောက်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

“အဖေ့နှစ်ပတ်လည်နေ့ကျရင် အဖေ့အတွက် ကုသိုလ်ကောင်းမှုလုပ်ပေးချင်တယ်အမေ”

“သမီးက ဘယ်လိုကုသိုလ်မျိုးလုပ်ပေးချင်တာလဲ”

“အဖေ့အတွက်ရည်စူးပြီး ရှင်ပြုအလှူလေးလုပ်ပေးချင်တာ”

“ဆန်းကြယ်လှပါလားသမီးရယ်၊ သမီးသဘောပါပဲ”

မိခင်ဖြစ်သူဒေါ်ခင်နုထံမှ ခွင့်ပြုချက်ရယူပြီးနောက် အလှူအတွက်လိုအပ်သည့်အရာများကို စီစဉ်ဆောင်ရွက်လေသည်။ ရပ်ဝေး၊ ရပ်နီးဆွေမျိုးများ၊ မိတ်ဆွေများကို ဖိတ်ကြားရန်ဖိတ်စာရိုက်ခြင်း၊ မောင်ရှင်လောင်းများအတွက် ပရိက္ခရာများဝယ်ယူခြင်း၊ အကျွေးအမွေးအတွက်ဝယ်ခြင်းတို့ကို အမောတကောစီစဉ်ရတော့သည်။ ရွာထဲကလူကြီးများ၏ အကြံပေးချက်ကြောင့် မင်းသားအကထည့်ရန်ကိုလည်း စီစဉ်ဖြစ်ခဲ့သေးသည်။ ထွေးခင်၏အလှူပွဲသည် အကြီးအကျယ်မဟုတ်သော်လည်း မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဦးမြင့်နေထိုင်ခဲ့သောလယ်တောသို့ပင် လှည့်လည်ရန်အစီအစဉ်ဆွဲခဲ့ကြသည်။

(၆)

ဦးမြင့်သေဆုံးခဲ့သော တစ်နှစ်ပြည့်သည့်နေ့တွင် ဦးမြင့်အတွက်ရည်စူး၍ ရှင်ပြုအလှူပွဲလေးလုပ်ပေးခဲ့သည်။ အလှူပွဲမတိုင်မီတစ်ရက်အလိုတွင် နံနက်ပိုင်းကတည်းက ချက်ကြ၊ ပြုတ်ကြဖြင့် တစ်ရွာလုံးနီးပါး အလုပ်ရှုပ်နေကြ၏။ ညနေရောက်တော့ အလှူပွဲလှည့်ရန် ငှားရမ်းထားသောကားများ ရောက်ရှိလာသည်။ ရွာဦးကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူ၊ တရားနာယူပြီးနောက် မောင်ရှင်လောင်းများ၊ နားသများ၊ မိဘဆွေမျိုးများသည် ကားအသီးသီးပေါ်၌ နေရာယူကြလေပြီ။ အားလုံးစုံလင်သောအခါ အလှူပွဲလှည့်မည့်ကားတန်းကြီးလည်း စတင်ထွက်ခွာလေသည်။ ကားတန်းကြီး၏နောက်ဆုံးမှာတော့ မင်းသားအကဖြင့် ဖျော်ဖြေနေသောကားတစ်စီးလိုက်ပါလာသည်။ မင်းသားလေးလည်း ကွေးကောက်အောင်ကပြဖျော်ဖြေရင်း လိုက်ပါလာခဲ့လေ၏။ မောင်ရှင်လောင်း၊ နားသများကိုနတ်ပြရန် ကားတန်းကြီးသည် ရွာထဲရှိနတ်စင်သို့ ဦးတည်မောင်းနှင်နေသည်။ ထို့နောက် ဦးမြင့်ကျင်လည်အလုပ်လုပ်ကိုင်ခဲ့သော လယ်တောဆီသို့ ဆက်လက်မောင်းနှင်ခဲ့ကြလေသည်။ ထွေးခင်၏စိတ်ထဲမှာတော့ ဝမ်းသာမှုတစ်ဝက်၊ ဝမ်းနည်းမှုတစ်ဝက်ဖြင့် လိုက်ပါခဲ့ရရှာသည်။ အလှူလှည့်လာသောကားတန်းကြီးသည် ဦးမြင့်၏တဲခုံပေါ်သို့ ရောက်ရှိလာခဲ့လေပြီ။ ထွေးခင်နှင့် သူ၏ဆွေမျိုးများမှာတော့ ဝမ်းနည်းလွန်းသဖြင့် စကားမဆိုနိုင်ကြ။

“အဖေရေ သမီးရောက်လာပြီ ကြိုပါအုံးအဖေရဲ့။ ဆွေမျိုးတွေလဲပါတယ်။ အဖေရှိနေသေးရင် ထွက်ကြိုပါအုံးအဖေရဲ့”

“အသေစောလို့ဝမ်းနည်းရတယ်ဦးမြင့်ရေ”

သေဆုံးသွားပြီဖြစ်သောဦးမြင့်တစ်ယောက် မည်သည့်နေရာသို့ရောက်နေမှန်းမသိသော်လည်း အတ္တ၊ မောဟစိတ်တို့ဖြင့် ဖုံးလွှမ်းနေသောထွေးခင်နှင့်ဆွေမျိုးများမှာတော့ တမ်းတငိုယိုကြပြီး ပူဆွေးသောကရောက်ကြပြန်ပြီ။ အလှူပွဲလိုက်လာသောပရိသတ်များ၏မျက်နှာတွင်လည်း စိတ်မကောင်းဖြစ်နေသည့်သွင်ပြင်လက္ခဏာများပြည့်နေသည်။ တချို့လည်း မျက်ရည်များကိုသုတ်လျက်။ တချို့ကမျက်ရည်မကျအောင် အားတင်းထားသည့်ပုံစံများဖြစ်နေကြတော့သည်။ မင်းသားလေးလည်း ငိုယိုနေသောလူပုံအလယ်မှာ တာဝန်အရ ကပြဖျော်ဖြေနေရသော်လည်း ပြုံးရွှင်နိုင်ခြင်းမရှိတော့ဘဲ မျက်ရည်များစီးကျကာ ဖျော်ဖြေနေရှာတော့သည်။ မိဘနှင့်သားသမီးသည် ရှေးရေစက်ကုသိုလ်ကံကြောင့် တွေ့ဆုံကြရသော်လည်း မမြဲသောသေခြင်းသဘောအရ ဘယ်လောက်ပင်ချစ်ကြပါစေ တစ်နေ့တော့ ခွဲခွာကြရပေဦးမည်။

“အဖေ ကောင်းမွန်တဲ့ဘဝမှာ အေးချမ်းစွာအနားယူပါတော့”ဟု ထွေးခင်လည်း မျက်ရည်ကြားက ရေရွတ်ပြောလိုက်တော့သည်။

## လူကောင်းလူမွန်

\- ချစ်မေတ္တာ နှလုံးလှနဲ့
အသုံးကျ လူ့ရပ်ခွင်၊
မွန်မြတ်ဖွယ် အကျင့်ကောင်း
ကိန်းအောင်းရင်တွင်၊
ရိုးသားခြင်း အတူယှဉ်
ဖြူစင်ဖွယ် စိတ်ကိုထား၊
စာနာကွယ် လူသားချင်းကို
ရိုင်းပင်းစေသား။

\- ကျင့်သိက္ခာ စောင့်ထိန်းအားနဲ့
အမိုက်တရား ရှောင်ဖယ်ကာ၊
အတ္တတွေ ရင်မှာမပျိုး
ကိုယ်ကျိုးဖယ်ခွာ၊
ဖြူစင်သော စေတနာ
ရင်တွင်းမှာ မွေးမြူလျက်၊
ပရအကျိုးကို ရည်မျှော်ကိုး
သယ်ပိုးဆောင်ရွက်။

\- ကရုဏာ ရင်လွှာယှက်၍
အကြင်နာလက် ကမ်းဆင့်လေ၊
အားငယ်သူ ဖေးကူမ
လမ်းပြဆောင်စေ၊
ဖြူစင်ခြင်း အပြုံးရိပ်ဝေ
မုန်းစိတ်တွေ ဖယ်ခွာရင်း၊
လူ့ပြည်ရွာ အလှတရားကို
ထွန်းကားစေမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# ဘိုကလေးမြို့နယ် ပျဉ်းမကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘိုကလေး အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ပျဉ်းမကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းဦးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ပျဉ်းမကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးကျော်ထွန်းဦးက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းမကုန်းကျေးရွာ၌ အရှည် ၁၂၇၃ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့်ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ပျဉ်းမကုန်းကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကျေးဇူးတင်လျှင် ကျေးဇူးဆပ်ပါ

ရွှေညာ(ရွာတန်းရှည်)

လူ့ပတ်ဝန်းကျင်တွင် အများဆုံးကြားရသည့်စကားမှာ "ကျေးဇူးတင်ပါတယ်"ဟူသော စကားဖြစ်သည်။ ထိုစကားကို တစ်စုံတစ်ယောက်က ကိုယ်အားဖြင့်ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ ကူညီဖေးမမှုပေးသောအခါ ပြောဆိုတတ်ကြလေသည်။ သားသမီးသည် မိဘအပေါ်၌ မွေးကျေးဇူးနှင့် ကျွေးကျေးဇူးရှိသည်။ တပည့်သည် ဆရာ့အပေါ်၌ အသိပညာ၊ အတတ်ပညာ သင်ကြားပေးသောကြောင့် ကျေးဇူးရှိသည်။ သို့သော် မိဘနှင့် ဆရာအပေါ် ကျေးဇူးတင်ကြောင်း သားသမီးတိုင်း၊ တပည့်တိုင်း မပြောတတ်ကြသလို မိဘတိုင်း၊ ဆရာတိုင်းကလည်း သားသမီး၊ တပည့်များအပေါ် ကျေးဇူးရှိကြောင်း ထုတ်ဖော်၍မပြောတတ်ကြပေ။ သားသမီးကြီးပွားချမ်းသာနေလျှင် မိဘများ စိတ်ချမ်းသာ၍ ဝမ်းသာကြသည်။ တပည့်များ အောင်မြင်နေလျှင် ဆရာသည် ဂုဏ်ယူပီတိဖြစ်ကာ မုဒိတာပွားများနေပေသည်။

လူ့ပတ်ဝန်းကျင်တွင် ကျေးဇူးသိတတ်သူနှင့် ကျေးဇူးမသိတတ်သူဟု နှစ်မျိုးရှိ၏။ လူတချို့သည် ကျေးဇူးမသိတတ်ရုံမျှသာမဟုတ်ဘဲ ကျေးဇူးကန်း၍ မိဘဆရာများအပေါ်၌ အပြစ်မြင်တတ်သူများပင် ရှိတတ်လေသည်။ ကျေးဇူးသိသည့်သားသမီးသည် ကျေးဇူးဆပ်မှုကို ပြုသော်လည်း ကျေးဇူးမသိသည့် သားသမီးသည် ကျေးဇူးဆပ်မှုကို မပြုသည့်အပြင် ကျေးဇူးကန်းကျေးစွပ်ခြင်းပင် ရှိတတ်သည်။ ထို့အတူ ကျေးဇူးနားလည်သည့်တပည့်သည် ဆရာတို့ကို ဂါရဝထား၍ လေးစားပူဇော်မှုရှိသော်လည်း ကျေးဇူးနားမလည်သည့်တပည့်သည် ရှိသေလေးစားမှုမရှိသည့်အပြင် ဆရာကို ပြစ်မှားစော်ကားတတ်လေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် မင်္ဂလသုတ်တော်၌ ကတညုတ သူတစ်ပါး၏ကျေးဇူးကို နားလည်သိရှိခြင်းသည် မင်္ဂလာဖြစ်သည်ဟုဟောတော်မူ၏။ မိမိအပေါ်၌ သူတစ်ပါးတို့က ကိုယ်အားဖြင့်ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ ပြုလုပ်ပေးခဲ့ဖူးသည့်ကျေးဇူးကို ကျေးဇူးရှိသည့်အတိုင်း သိရှိနားလည်မှုကို ကတညုတဟုခေါ်သည်။ တင်ရှိနေသည့်ကျေးဇူးကို သိရှိရုံမျှသာမဟုတ်ဘဲ ထိုကျေးဇူးကို သိတတ်၊ ထုတ်ဖော်ပြောဆိုတတ်၊ အောက်မေ့သတိရတတ်ပြီး အလျဉ်းသင့်သည့်အခါ၌ တုံ့ပြန်ကျေးဇူးဆပ်ခြင်းကို ကတညုတကတဝေဒီဟုခေါ်သည်။ သို့သော် လောက၌ သူတစ်ပါးကျေးဇူးကို သိရန်မှာ အလွန်ခဲယဉ်းသည်။ ကျေးဇူးဆပ်ရန်မှာကား ပို၍ပင် ခဲယဉ်းသည်။ ၎င်းကိုပင် မဃဒေဝလင်္ကာသစ်၌ "မေတ္တာရှေးဦး၊ ပြုပေဖူးကို ကျေးဇူးသိမူ၊ ကတညုတည့် ထိုသူထက်ပင်၊ ကျေးဇူးအင်ကို ထင်ထင်ချွတ်ချွတ်၊ ပြောဆိုတတ်က သူမြတ်မှန်လှ၊ ကတဝေဒီ ဟူတုံပြီရှင့်"ဟု ပြဆိုထားသည်။ ထို့ကြောင့် ကတညုတ ကတဝေဒီဟူသည်မှာ ကျေးဇူးရှိသူများအပေါ် ကျေးဇူးကိုနားလည်၍ တုံ့ပြန်ကျေးဇူးဆပ်ခြင်းကို ဆိုလိုသည်။ ကတညုတကတဝေဒီဟုဆိုအပ်သော သားသမီး၊ တပည့်ရှိသော မိဘ၊ ဆရာတို့မှာ အလွန်အားကိုးရာရကြ၍ မျက်နှာပွင့်လန်းကြရသည်။ ထိုသို့သောသားသမီး၊ တပည့်မရှိသော မိဘ၊ ဆရာတို့မှာ အလွန်မျက်နှာငယ်ရ၍ စိတ်နှလုံးမသာမယာဖြစ်ရတတ်သည်။ ပညာရှိတို့မည်သည်ကား မိမိအပေါ်ပြုခဲ့ဖူးသောကျေးဇူးကို မည်သည့်အခါမျှ ချေဖျက်ခြင်းမပြုတတ်ကြပေ။ ပညာမဲ့လူပေါက်ပန်း၊ သူတစ်ပါးကျေးဇူးကိုမသိသူတို့သာ မွေးကျေးဇူးကို မသိဘဲ မိဘကိုပင် ပျက်စီးမှုပြုတတ်ကြ၏။

ထို့ကြောင့် မဃဒေဝလင်္ကာသစ်၌ "ပညာမယှဉ်၊ အကတညုလူ့ပါပီယ၊ ဟူသမျှကား မိဘကိုလျက်၊ ကျေးဇူးဖျက်၍ အပျက်ကိုသာ၊ ပြုတတ်စွာခဲ့"ဟု ပြဆိုထားပေသည်။ ငါသိပြီ၊ ငါတတ်ပြီဟူသော မိမိကိုယ်ကို မာနစိတ်ဝင်နေသောတပည့်များမှာ ဆရာကို မလေးစား၊ အလေးဂရုပြုရကောင်းမှန်းမသိ ကျေးဇူးကန်းတတ်ကြသဖြင့် အာခေါင်လှုံစူးရတတ်ပုံနှင့်

❖ လူတချို့သည် ကျေးဇူးမသိတတ်ရုံမျှသာမဟုတ်ဘဲ ကျေးဇူးကန်း၍ မိဘဆရာများအပေါ်၌ အပြစ်မြင်တတ်သူများပင် ရှိတတ်လေသည်။ ကျေးဇူးသိသည့်သားသမီးသည် ကျေးဇူးဆပ်မှုကိုပြုသော်လည်း ကျေးဇူးမသိသည့် သားသမီးသည် ကျေးဇူးဆပ်မှုကိုမပြုသည့်အပြင် ကျေးဇူးကန်း ကျေးစွပ်ခြင်းပင်ရှိတတ်သည်။ ထို့အတူ ကျေးဇူးနားလည်သည့် တပည့်သည် ဆရာတို့ကို ဂါရဝထား၍ လေးစားပူဇော်မှုရှိသော်လည်း ကျေးဇူးနားမလည်သည့်တပည့်သည် ရှိသေလေးစားမှုမရှိသည့်အပြင် ဆရာကို ပြစ်မှားစော်ကားတတ်လေသည်။ ❖

အမြဲရွှတ်ဖတ်နေသောမန္တန်ကိုပင် မေ့ပျောက်တတ်၍ ကျောက်တောင်ကျောက်ခဲအထက်မှာပင်နေသော်ငြား ကျောက်ခဲပြို၍ မြေမျိုခြင်းခံရတတ်ပုံတို့ကို "ဆရာကိုပယ်၊ ကိုယ်ဝယ်လှုံစူး အထူးမျက်မှောက်၊ မန္တန်ပျောက်နှင့် အုတ်ကျောက်ခဲပြို၊ မြေခွဲမျို၍ ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခဖြစ်ကြောင်း ထုံးဟောင်းထင်စွာ၊ ကျမ်း၌လာ၏"ဟု ပြဆိုထားသည်။

ကျေးဇူးရှိသောလူတို့၏ ကျေးဇူးကိုသာ မချေဖျက်ကောင်းသည်သာမဟုတ်ပေ။ မိမိတို့အပေါ် အလွန်ကျေးဇူးများသော ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော အပတိတ်တိရစ္ဆာန်တို့၏ကျေးဇူးကိုလည်း မချေဖျက်ကောင်းပေ။ ငယ်စဉ်အခါ အားကောင်းချိန်၌ ခိုင်းစား၍ အိုမင်းမသန်စွမ်းသောအခါ သားသတ်ရုံသို့ပို့ခြင်းသည် ကျေးဇူးကန်းခြင်းပင်ဖြစ်သောကြောင့် လူမပီသ၊ လူပါပ၊ လူယုတ်မာများသာဖြစ်၏ဟု မဃဒေဝကျမ်း၌ ပြဆိုထားသေးသည်။ ထို့မျှသာမဟုတ် ကျေးဇူးကန်းသူသည် မဟာပါပတရားလေးပါး၌ပင် ထည့်သွင်းထားလေသည်။ မဟာပါပလေးပါးဟူသည်မှာ

၁။ မုသားစကားပြောဆိုခြင်း

၂။ မိတ်ဆွေကိုဖျက်ဆီးခြင်း

၃။ အရိယာသူတော်ကောင်းများကို စွပ်စွဲခြင်း

၄။ ကျေးဇူးကန်းခြင်းတို့ဖြစ်ကြသည်။

အရိပ်နေနေ၊ အခက်ချိုးချိုးဟူသော စကားပုံလည်းရှိသည်။ အသက်ရှိသော သဝိညာဏက လူ၌ပင် ကျေးဇူးချေဖျက်ခြင်းကိုမပြုအပ်သည်မဟုတ်။ အသက်မရှိသော အဝိညာဏက သစ်ပင်၏အရိပ်၌ ခေတ္တခဏကြုံကြိုက်၍ နားခိုမိပါက ထိုသစ်ပင်သည်ပင် မိမိ၏ကျေးဇူးရှင်ဖြစ်သည်။ ထိုသစ်ပင်၏ အကိုင်းအခက်ကို ပြစ်မှားလိုစိတ်ဖြင့် မချိုးဖျက်သင့်ချေ။ ချိုးဖျက်မိပါက ထိုသူသည် မိတ်ဆွေကိုဖျက်ဆီးရာရောက်သော လူဗာလဖြစ်သည်။

"တစ်လုပ်စားဖူး သူ့ကျေးဇူး"ဟူသော စကားပုံရှိသည်။ ပညာဉာဏ်ရှိသောသူတော်ကောင်းတို့သည်သာ ကျွေးဖူးသောတစ်လုပ်စာ၏ကျေးဇူးကို သိရှိနားလည်၏။ ပညာမဲ့သူမိုက်တို့သည်ကား အနှစ် ၁၀၀ ကာလပတ်လုံး ကျွေးမွေးသော်လည်း ကျေးဇူးကို သိရှိနိုင်မည်မဟုတ်ပေ။ ကျေးဇူးကို နင်းချေဖျက်ဆီးမည်သာဖြစ်သည်။ ကျေးဇူးကန်းသော သူမိုက်တို့သည် ကြီးပွားချမ်းသာသော်လည်း ထိုစီးပွားဥစ္စာသည် ကြာရှည်စွာမတည်မြဲပေ။ ဓမ္မကရိဏ် ခေါ် ရဟန်းသံဃာတော်များသုံးစွဲသော ရေစစ်မှကျသောရေကဲ့သို့ တစ်ခဏဖြင့် ကုန်ခန်းတတ်၏။ ဒီရေကဲ့သို့ အကျမြန်တတ်၏။ လဆုတ်လကဲ့သို့ အသရေမတိုးဘဲ ဘုန်းရောင်ညှိုး၍ တန်ခိုးပျောက်တတ်ပုံကိုလည်း မဃဒေဝလင်္ကာသစ်၌ပင်

"ကတညုတ၊ ကတဝေဒီ

မသိတတ်သူ၊ လူမသမွှာ

ထိုများစွာတို့၊ ချမ်းသာစီးပွား

လျှော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊

ဓမ္မကရိဏ်စစ်ရေ၊ ကျဖျားရေသို့

သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်

တန်ခိုးနေ့ည၊ ဆုတ်လပမာ

ယုတ်တတ်စွာ၏"ဟု ပြဆိုထားပေသည်။

တစ်ခါက တာရာဏသီပြည်တွင် ပညာရှိသူတော်ကောင်းဘုရင်တစ်ပါး အုပ်ချုပ်ခဲ့ဖူးသည်။ တစ်နေ့တွင် သူပုန်များထကြွသောင်းကျန်း၍ ဘုရင်ကိုယ်တိုင်ဦးဆောင်ကာ နှိမ်နင်းတော်မူ၏။ သူပုန်များက ချုံခိုတိုက်ခိုက်ရာ ဘုရင်သည် အရေးနိမ့်လေသည်။ ဘုရင်သည် တစ်ကိုယ်တည်းပြေးရင်း တောရွာတစ်ရွာသို့ ရောက်သွားလေ၏။ ဘုရင်မှန်းမသိသော ကျေးတောသားတစ်ယောက်သည် ခရီးသွားဟု ထင်မှတ်ကာ အစားအသောက်များ ပေးကမ်းသည်။ နေရန်၊ အိပ်ရန် စီစဉ်ပေးသည်။ လေး၊ ငါးရက်ခန့်ကြာသောအခါ ဘုရင်သည် ရွာမှထွက်ခွာလေ၏။ ကျေးတောသားကိုလည်း မှာထားခဲ့သည်။

"အဆွေ ကျွန်ုပ်၏အမည်မှာ မြင်းစီးကြီးဖြစ်၏။ မြို့တော်သို့လာရန် ဖိတ်ခေါ်ပါသည်။ မြို့တော်၏ တောင်ဘက်တံခါးမှူးကို မြင်းစီးကြီးအိမ်ကို ပို့ပေးပါဟုပြောလျှင် တံခါးမှူးသည် ကျွန်ုပ်အိမ်သို့ပို့ပေးပါလိမ့်မည်"ဟု ပြောကြားသွားခဲ့၏။

ဘုရင်သည် ရွာမှထွက်ခွာသွားပြီးနောက် စစ်သည်ဗိုလ်ပါအမြောက်အမြားကို စုရုံးစေ၍ သူပုန်များကို ဒုတိယအကြိမ် ထပ်မံနှိမ်နင်းတော်မူရာ စစ်နိုင်တော်မူ၏။ တိုင်းပြည်သည် အေးချမ်းသာယာ၍ စည်ပင်ဝပြောလေသည်။

တစ်နေ့တွင် ကျေးတောသားသည် မြို့တော်သို့ သွားရာ၌ တောင်ဘက်တံခါးမှဝင်ပြီးသော် မှာထားခဲ့သည့်အတိုင်း တံခါးမှူးကို မြင်းစီးကြီးအိမ်ကိုပို့ပေးရန် ပြောလေသည်။ တံခါးမှူးသည် ဘုရင့်နန်းတော်သို့ လိုက်ပို့ရာ ဘုရင်ကိုတွေ့ရသောကျေးတောသားသည် မိမိအိမ်၌ တည်းခိုသွားသောသူမှာ ဘုရင်ဖြစ်မှန်း သိလိုက်ရ၏။

သူတစ်ပါး၏ကျေးဇူးကို အမှတ်ရနားလည်သော ဘုရင်သည် ကျေးတောသားကို မင်းစည်းစိမ်တစ်ဝက်ခွဲပေးသည်။ ကျေးတောသား၏တောရွာကိုလည်း အခွန်အတုတ်ဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပေးသည်။ ထိုအခါ အိမ်ရှေ့မင်းသားနှင့် မှူးမတ်များသည် မကျေမနပ်ကြကာ ကျေးတောသားကို အကြောင်းမဲ့မြှောက်စားလေသည်ဟုဆိုကြ၏။ ထိုအခါ ဘုရင်က "ငါစစ်ရှုံး၍ ပြေးစဉ်အခါက ဤကျေးတောသားကယ်၍သာ အသက်ဘေးမှလွတ်မြောက်၍ တစ်ဖန် စစ်အောင်နိုင်ရ၏။ ကျေးတောသား၏ကျေးဇူးမှာ ကြီးမားလှပေ၏။ လောက၌ ကျေးဇူးရှိသူကို တုံ့ပြန်ပေးဆပ်ရသည်မှာ ပညာရှိသူတော်ကောင်းတို့၏အလုပ်ဖြစ်၏"ဟု ဆုံးမစကားဆိုလေသည်။ ထိုအခါမှ အိမ်ရှေ့မင်းသားနှင့် မှူးမတ်များလည်း အမှန်ကိုသိကာ ကျေနပ်ကြလေ၏။

ဤဇာတ်ဝတ္ထုကိုထောက်ရှု၍ ကျေးဇူးတရားဆိုသည်မှာ အသိဉာဏ်ထွန်းကားသူများသာ သိရှိနိုင်၏။ ကျေးဇူးဆပ်ရန်မှာကား တရားရှိသောသူတော်ကောင်းများသာလုပ်နိုင်ပေသည်။ အသိဉာဏ်သေးနုပ်သူများကား ငါသိ၊ ငါတတ်၊ ငါတော်လို့ဟူ၍သာ တွေးထင်၍ မိဘ၊ ဆရာကျေးဇူးပြုဖူးသောသူ စသည်တို့အပေါ်၌ တင်ရှိနေသည့်ကျေးဇူးကို ချေဖျက်ကြလေသည်။ ကျေးဇူးရှင်ဆိုသည်မှာ လောက၌ မပြစ်မှားအပ်သော ခင်ပွန်းကြီးဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ ခင်ပွန်းကြီးဆယ်ပါးဟူသည်မှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက၊ အမိ၊ အဖ၊ အလေးပြုအပ်သူ၊ ဆရာ၊ တရားဟောပုဂ္ဂိုလ်၊ မိမိအား ပေးကမ်းသူဟူ၍ဖြစ်၏။ ထိုဆယ်ပါးကို ပြစ်မှားမိသောသူသည် ဒဏ်သင့်၍ အကျိုးစီးပွားဆုတ်ယုတ်ပျက်စီးတတ်၏။

တစ်ခါက ရာဇအမည်ရသောပုဏ္ဏားအိုကြီးတစ်ယောက်ရှိ၏။ ထိုပုဏ္ဏားအိုကြီးသည် သားသမီးများ၏ စောင့်ရှောက်မှုမရသောကြောင့် ပိန်ချုံးကြုံလှီကာ ရဟန်းတော်များထံ ရဟန်းပြုခွင့်ပေးရန် တောင်းပန်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် "အဘယ်သူသည် ထိုပုဏ္ဏားအိုကြီး၏ကျေးဇူးကို အမှတ်ရအောက်မေ့သနည်း"ဟုမေးတော်မူရာ အရှင်သာရိပုတ္တရာမထေရ်သည် "တပည့်တော် အမှတ်ရအောက်မေ့ပါသည်ဘုရား၊ တပည့်တော် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်စဉ်အခါက ထိုပုဏ္ဏားကြီးသည် ဆွမ်းတစ်ဇွန်းမျှ လောင်းလှူခဲ့ဖူးပါသည်။ ထိုကျေးဇူးကို အမှတ်ရအောက်မေ့ပါသည်ဘုရား"ဟု လျှောက်ထား၏။

"သာဓု သာဓု သာဓု သာရိပုတ္တရာ။ သူတော်ကောင်းတို့သည် သူတစ်ပါးတို့ပြုခဲ့ဖူးသောကျေးဇူးကို သိတတ်ကြကုန်၏။ ထိုပုဏ္ဏားအိုကြီးအား ရဟန်းပြုပေးလေလော့"ဟု ဗုဒ္ဓရှင်တော်မြတ် မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာသည် ရဟန္တာဖြစ်သည့်တိုင် ရာဇပုဏ္ဏားအိုကြီးအား ရဟန်းပြုပေးပြီး ကျေးဇူးဆပ်တော်မူသည်။ ယခုခေါ်သ ဗဟုကိစ္စာဟူသောစကားအတိုင်း သတ္တလောက၌ အလုပ်အများဆုံးသတ္တဝါသည် လူသားများသာဖြစ်ကြ၏။ အောင်မြင်လိုမှု၊ ကျော်ကြားလိုမှု၊ ကြီးပွားလိုမှု စသည့်အလိုဆန္ဒများကလည်း လူသားများ၌သာရှိလေ၏။ ထိုအခါ ကျေးဇူးတင်၊ ကျေးဇူးစွပ်ဟူသောစကားသည်လည်း လူ့လောက၌ ပေါ်ပေါက်လာလေသည်။ လူတို့သည် တစ်ဦးနှင့်တစ်ဦး မရှိလျှင် ချေငှားရခြင်းဟူသော လောကတံတွာဓမ္မတာရှိသောကြောင့် အကြွေးတင်ဟူသောစကားသည်လည်း ဖြစ်ပေါ်လာ၏။ ထိုအကြွေးကို မျက်မှောက်ဘဝ၌ အကြွေးရှင်အားပေးဆပ်ရမည်သာဖြစ်သည်။ အကယ်၍ မပေးဆပ်နိုင်ပါက ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသောဘဝ၌ အကျိုးစီးပွားမဖြစ်ထွန်းဘဲ အောက်ကျနောက်ကျ မျက်နှာငယ်ရတတ်၏။ ထို့အတူပင် ခင်ပွန်းကြီးဆယ်ပါးအပါအဝင်ဖြစ်သော ကျေးဇူးရှင်ကို ကျေးဇူးကန်းမိပါက မိမိ၏ အောင်မြင်လိုမှု၊ ကျော်ကြားလိုမှု၊ ကြီးပွားလိုမှု စသည့်အလိုဆန္ဒများမပြည့်ဝဘဲ သံသရာ၌ အောက်ကျနောက်ကျနေရမည်သာဖြစ်၏။ ထို့ကြောင့် အလုံးစုံသောကြီးပွားချမ်းသာကို လိုလားသူတိုင်းသည် ကျေးဇူးတင်ပါက ထိုကျေးဇူးကို သိရှိနားလည်၍ ယခုမျက်မှောက်ဘဝတွင်ပင် ဆပ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မဃဒေဝလင်္ကာကျမ်း။**
- **မဟာအသာရောဟဓာတ်။**
- **ရာဇဩွေရဝတ္ထု။**

# တနင်္ဂနွေနေ့ည ဥရောပပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံ ထက်မြက်နေတဲ့ လီဗာပူးအသင်း၊ ဖရန့်ဖတ်အသင်း၊ ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M
L



တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာတော့ အစဉ်အလာအရ ပြိုင်ဆိုင်မှုပြင်းထန်တဲ့အသင်းတွေ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာ ဒုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်က ချဲလ်ဆီး၊ ပြင်သစ်က မာဆေး၊ လိုင်ယွန်တို့သာ ရှုံးနိမ့်ခဲ့ပေးလိုက်ရပေမဲ့ ကျန်တဲ့အသင်းကြီးတွေကတော့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ကြားရက်မှာတော့ အသင်းကြီးတွေဟာ ဥရောပပြိုင်ပွဲတွေ ကစားခဲ့ရတာကြောင့် ကစားသမားအပြောင်းအလဲလုပ်ပြီး ပွဲထွက်လာနိုင်လို့ အဲဒီပွဲစဉ်တွေကို သတိထားချဉ်းကပ်ရမှာပါ။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ ကစားသမားအင်အားတောင့်တင်းပြီး အိမ်ကွင်းကစားအားထက်မြက်နေတဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

### လီဗာပူးအသင်းအနိုင်ရမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ်(၅) ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လီဗာပူးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ ကစားသမားဖြည့်တင်းမှုပြုလုပ်ခဲ့တာဖြစ်ပြီး အရင်နှစ်က အားနည်းခဲ့တဲ့ ကွင်းလယ်ပိုင်းကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကွင်းလယ်က အကျပိုင်းရောက်နေတဲ့ ကစားသမားတွေကိုရောင်းခဲ့ပြီး ဆိုဘော့ဇာလိုင်၊ မက်အယ်လစ်စတာ၊ ဂရာဘန်ဘာ့ချ်၊ အန်ဒိုတို့လို ကစားသမားတွေကို ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကွင်းလယ်ကစားပုံတည်ငြိမ်လာပြီး အခုနှစ်ပရီးမီးယားလိဂ် ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိခဲ့ပြီး အဆင့်(၃) မှာရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပုံမှန်ခြေစွမ်းပြရလာတယ်ဆိုရပေမဲ့ ခံစစ်ပိုင်းမှာတော့ အားနည်းချက်ရှိနေဆဲဖြစ်ပါတယ်။ လက်ရှိလီဗာပူးတိုက်စစ်ကိုတော့ ဆာလာဟတ်က ဦးဆောင်နေပြီး သွင်းဂိုးနှစ်ဂိုးနဲ့ ဖန်တီးမှုလေးကြိမ်ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။

ဝက်စ်ဟမ်းအသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းမှာ မန်စီးတီးအသင်းကို ဂိုးပြတ်ရှုံးခဲ့တယ်ဆိုပေမဲ့ နောက်ဆုံးငါးပွဲမှာတော့ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်း နွေရာသီအပြောင်းအရွှေ့မှာ ကွင်းလယ် ဒီကလန်ရိုက်ကို ရောင်းချခဲ့ပေမဲ့ သူ့နေရာမှာ ပါကွီတာနဲ့ ပြန်လည်အစားထိုးနိုင်ခဲ့သလို ကူဒက်၊ ဝက်ပရောက်စ်၊ အက်ဆွန်အယ်ဗာရက်တို့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့တာကြောင့် ကွင်းလယ်ကစားအား ကျဆင်းသွားတာမရှိဘဲ မန်စီးတီးလိုအသင်းကိုတောင် ဖိအားပေးကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာ နည်းပြမိုယက်စ်ဟာ ၄-၂-၃-၁ ကစားကွက်နဲ့ ဆူစက်၊ အက်ဆွန်အယ်ဗာရက်၊ ဝက်ပရောက်စ်၊ ပါကွီတာတို့ကို ကွင်းလယ်မှာ တွဲဖက်အသုံးပြုနေတာကြောင့် တိုက်စစ်ကစားပုံထက်မြက်လာပြီး ပွဲတိုင်း ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ဝက်စ်ဟမ်းအသင်းဟာ လီဗာပူးအသင်းကို ကွင်းလယ်ကစားအားယှဉ်နိုင်ပေမဲ့ တိုက်စစ်ကစားပုံတော့ ယှဉ်နိုင်မှာမဟုတ်ပါဘူး။ လီဗာပူးအသင်းမှာ ဆာလာဟ်၊ ဂတ်ပို၊ နူနက်၊ ဒီယက်ဂ်တို့လို မြန်နှုန်းမြင့်ကစားသမားတွေရှိနေတာကြောင့် ဝက်စ်ဟမ်းအသင်းခံစစ်ပိုင်း ထိန်းချုပ်ရခက်နိုင်ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရခဲ့သလို ၂၀၁၅ ခုနှစ်နောက်ပိုင်း အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ လီဗာပူးအသင်းပဲ အနိုင်ရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၃ | - | ၁ | ဘုန်းမောက် |
| နယူးကာဆယ် | ၁ | - | ၂ | လီဗာပူး |
| လီဗာပူး | ၃ | - | ၀ | အေဗီလာ |
| ဝုဗ် | ၁ | - | ၃ | လီဗာပူး |
| လက်လင့် | ၁ | - | ၃ | လီဗာပူး |

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၃ | - | ၁ | ချဲလ်ဆီး |
| ဘရိုက်တန် | ၁ | - | ၃ | ဝက်စ်ဟမ်း |
| လူတန် | ၁ | - | ၂ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၃ | မန်စီးတီး |

### ဖရန့်ဖတ်အသင်းကို ရွေးချယ်ရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ်(၅)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဖရန့်ဖတ်နဲ့ ဖရိုင်းဘတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ဖရန့်ဖတ်အသင်းဟာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး မူအာနီကို ပီအက်စ်ဂျီအသင်းကို ရောင်းချခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ကျဆင်းသွားတာမရှိဘဲ လေးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲစဉ် လေးပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ရှုံးပွဲမရှိခဲ့ပေမဲ့ ခံစစ်ကစားပုံအားနည်းချက်ကြောင့် သရေရလဒ်တွေ ထွက်ပေါ်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်တော့မိုလာလက်ထက်မှာ အဓိက ကစားသမားတွေခေါ်ယူနိုင်မှုမရှိခဲ့ပေမဲ့ ကစားပုံကျဆင်းသွားတာမရှိသလို ဂိုးသမား ထရက်ပ်ကလဲ အပိုင်အခွင့်အရေးတွေကို ကာကွယ်ပြီး အသင်းအတွက် ရမှတ်မဆုံးရှုံးဖို့ ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာ ဖရန့်ဖတ်က သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အသာရခဲ့တာကို တွေ့ရမှာပါ။

ဖရိုင်းဘတ်အသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလမှာ အဓိက ကစားသမားခေါ်ယူနိုင်မှုမရှိခဲ့ပေမဲ့ အသင်းက ကစားသမားဟောင်းတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် ကစားကွက်ပိုင်း ကျဆင်းသွားမှုမရှိခဲ့ပါဘူး။ ဒါပေမဲ့ သူတို့အသင်းဟာ အမှတ်ပေးပွဲ လေးပွဲအပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၀) မှာရောက်ရှိနေပြီး တိုက်စစ်ပိုင်းက သွင်းဂိုးငါးဂိုးရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ခံစစ်ပိုင်း မှားယွင်းမှုတွေကြောင့် အမှတ်ပေးပွဲလေးပွဲမှာ ပေးဂိုး ၁၀ ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ နည်းပြ စထရိက်ချ်ကတော့ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး ပြိုင်ပွဲအတွင်း နည်းဗျူဟာအပြောင်းအလဲလုပ်ခဲ့ပေမဲ့ တိုက်စစ်ကောင်းတဲ့အသင်းတွေနဲ့ဆို အလုပ်မဖြစ်ခဲ့တာကို ပြီးခဲ့တဲ့ဒေါ့မွန်နဲ့ပွဲစဉ်မှာ မြင်တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ အမြင့်ဘောတွေနဲ့ ဖြတ်တင်ဘောတွေကနေ ဂိုးရခဲ့ပေမဲ့ ဖရန့်ဖတ်လို အမြင့်ဘောကစားပုံကောင်းတဲ့အသင်းကိုတော့ ယှဉ်ပြိုင်ဖို့ခက်ခဲမှာ သေချာပါတယ်။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ကစားပုံ ထက်မြက်နေတဲ့ ဖရန့်ဖတ်ကြောင့် ဖရိုင်းဘတ်အသင်းပေးဂိုးခွင့်ပြုရဖို့ သေချာနေသလို အကျောပေးမှုမှာလဲ အိမ်ရှင်က သရေရလဒ်ရရင် အပြည့်နီးပါးဆုံးရှုံးရမဲ့ အခြေအနေတွေကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ဖရန့်ဖတ်အသင်းကို ရွေးချယ်ရမှာပါ။

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၁ | - | ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၂ | - | ၀ | ဆိုဖီယာ |
| ဖရန့်ဖတ် | ၁ | - | ၁ | ကိုလုံး |
| ဘိုချမ် | ၁ | - | ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၂ | - | ၁ | အာဘာဒင်း |

**ဖရိုင်းဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၁ | - | ၂ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၀ | ဝါဒါဘရီမင် |
| စတုဂတ် | ၅ | - | ၀ | ဖရိုင်းဘတ် |
| ကာလျှဟာ | ၀ | - | ၁ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၂ | - | ၄ | ဒေါ့မွန် |

### ဘက်တစ်အသင်းနဲ့လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘက်တစ်အသင်းနဲ့ ကာဒီဇက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ ကွင်းလယ်ပိုင်းက ဖက်ကီယာနဲ့ ကာဗယ်ဟိုတို့ ဒဏ်ရာရနေလို့ ကွင်းလယ်ကစားအားကျဆင်းသွားတာကြောင့် အဝေးကွင်းပွဲစဉ်တွေမှာ နိုင်ပွဲရဖို့ ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အိမ်ကွင်းမှာတော့ ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာ အေတီကိုအသင်းကို ဂိုးမရှိသရေ၊ ဗယ်လ်ကာနိုအသင်းကို တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးမရှိခဲ့ပါဘူး။ နောက်ဆုံး ပွဲစဉ်မှာတော့ ဘာစီလိုနာလို အဘက်ဘက်က သာလွန်တဲ့အသင်းကို အဝေးကွင်းကစားခဲ့ရတာကြောင့် ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး တိုက်စစ်ကလဲ တစ်ပွဲလုံးမှ ဂိုးပေါက်တည့်မတ်မှု နှစ်ကြိမ်သာ ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဝါရင့်နည်းပြ ပယ်လီဂရီနီဟာ အခုပွဲစဉ်ဟာ ကစားသမားအပြောင်းအလဲလုပ်ပြီး နိုင်ပွဲရဖို့ကစားအားမြှင့်တင်လာမှာ သေချာပါတယ်။ သူတို့အသင်းဟာ အခုအပြောင်းအရွှေ့မှာ အဓိက ကစားသမားခေါ်ယူမှုမလုပ်ခဲ့ပေမဲ့ အသင်းက အဓိက ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဒဏ်ရာရကစားသမားတွေကြောင့် ကစားကွက်ပိုင်း အားနည်းချက်ရှိနေဆဲဖြစ်လို့ အသင်းကြီးတွေနဲ့ တွေ့ဆုံမှုမှာ ရမှတ်ဆုံးရှုံးခဲ့ရပြီး ကာဒီဇက်လို စုဖွဲ့မှုအားနည်းတဲ့ အသင်းနဲ့ တွေ့ချိန်မှာ နိုင်ပွဲရှာဖွေရမှာဖြစ်ပါတယ်။

ကာဒီဇက်အသင်းဟာ အမှတ်ပေးပွဲငါးပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ်ခုနစ်မှတ်နဲ့ အဆင့်(၈) မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ အထူးသဖြင့် ကာဒီဇက်အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်ဆုံးရှုံးမခံဘဲ အစွမ်းကုန်ကစားနိုင်ခဲ့တာကြောင့် လာလီဂါပြိုင်ပွဲမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အဝေးကွင်းမှာတော့ ရုန်းကန်ခဲ့ရပြီး နောက်ဆုံး အဝေးကွင်းနှစ်ပွဲစလုံး ရှုံးခဲ့ပြီး ခံစစ်က ပေးဂိုးငါးဂိုးထိရှိခဲ့တာလဲဖြစ်ပါတယ်။ သူတို့အသင်း ခံစစ်ပိုင်းကလဲ လာလီဂါ ငါးပွဲအပြီးမှာ ငါးပွဲစလုံး ပေးဂိုးရှိခဲ့တာကြောင့် ဘက်တစ်လိုအိမ်ကွင်းကစားပုံမာကျောတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံမာကျောမှုရှိနေတဲ့ ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၁ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၀ | - | ၀ | အေတီကို |
| ဘီလ်ဘာအို | ၄ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဘာစီလိုနာ | ၅ | - | ၀ | ဘက်တစ် |

**ကာဒီဇက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၁ | - | ၀ | အလာဗက် |
| ဘာစီလိုနာ | ၂ | - | ၀ | ကာဒီဇက် |
| ကာဒီဇက် | ၁ | - | ၁ | အယ်မာရီယာ |
| ကာဒီဇက် | ၃ | - | ၁ | ဗီလာရီးရဲလ် |
| ဘီလ်ဘာအို | ၃ | - | ၀ | ကာဒီဇက် |

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့် ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/ အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း (အမျိုးသား/ အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး (အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး (အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် (အဆို/အက) (အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါ ရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ် ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည် (ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံး ငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရမည် (စာချုပ် ချုပ်ဆိုဆောင်ရွက်ပါမည်)။
(စ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံး အနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်ရမည်။
(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဇ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဈ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါ ရာထူးအသီးသီးအတွက် လိုအပ်သည့် အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည် (မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာ သီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ရယူနိုင်ပါသည်-

(က) အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)မှော်ဘီ၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)တောင်ညို၊ နေပြည်တော်။ (ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရဲမွန်၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၃၀၄၀၁၊ ၀၉-၆၉၁၇၅၅၅၇)
(ဃ) အမှတ်(၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မန္တလေးမြို့။ (ဖုန်း ၀၃၃-၃၃၁၆၀၊ ၀၉-၆၉၄၀၄၂၇၀၄)
(င) အမှတ်(၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြစ်ကြီးနားမြို့။ (ဖုန်း ၀၃၃-၄၀၀၀၅၊ ၀၉-၆၈၄၆၇၃၃၃၂)
(စ) အမှတ်(၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း လားရှိုးမြို့။ (ဖုန်း ၀၃၃-၃၆၁၀၁၊ ၀၉-၆၉၁၂၄၉၁၂၃)
(ဆ) အမှတ်(၅) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ကြီးမြို့။ (ဖုန်း ၀၃၄-၃၂၁၁၆၊ ၀၉-၆၉၇၂၈၇၈၅)
(ဇ) အမှတ်(၆) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ချောင်းဆုံ၊ မော်လမြိုင်မြို့။ (ဖုန်း ၀၉-၃၉၁၀၆၅၆၊ ၀၉-၆၇၈၉၂၆၁၀၀)
(ဈ) အမှတ်(၇) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ပုသိမ်မြို့။ (ဖုန်း ၀၃၁-၂၁၁၂၀၊ ၀၉-၆၇၈၆၅၂၀၀၆)
(ည) အမှတ်(၈) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း အမ်းမြို့။ (ဖုန်း ၀၄၃-၂၂၀၃၀၊ ၀၉-၆၈၆၃၉၆၀၈၇)
(ဋ) အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မုံရွာမြို့။ (ဖုန်း ၀၃၃-၇၂၄၄၉၊ ၀၉-၆၉၃၂၄၂၆၈၁)
(ဌ) အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ငူမြို့။ (ဖုန်း ၀၃၂-၃၃၁၂၅၊ ၀၉-၆၇၈၈၄၂၁၁)
(ဍ) အမှတ်(၁၁) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ကျိုင်းတုံမြို့။ (ဖုန်း ၀၃၄-၃၃၁၄၀၊ ၀၉-၆၉၅၇၅၈၁၄၉)
(ဎ) အမှတ်(၁၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြိတ်မြို့။ (ဖုန်း ၀၅၉-၄၁၈၇၈၊ ၀၉-၄၀၁၅၅၄၂၈၇)
(ဏ) အမှတ်(၁၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရွာတော်၊ နေပြည်တော်။ (ဖုန်း ၀၃၂-၃၀၃၅၃၊ ၀၉-၆၉၁၃၈၄၄၀၀)
(တ) အမှတ်(၁၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ခိုလမ်မြို့။ (ဖုန်း ၀၃၄-၃၈၆၆၆၊ ၀၉-၉၅၉၇၉၄၃၀၁)

၆။ လျှောက်လွှာများကို ၄-၉-၂၀၂၃ ရက်မှ ၆-၁၀-၂၀၂၃ ရက်အတွင်း အထက်ဖော်ပြပါတပ်များတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများ၏ သဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၈။ ပဏာမလူတွေ့အရည်အချင်းစစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား (တောင်ညို) နေပြည်တော်တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၉။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား (မှော်ဘီ) ရန်ကုန် (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(တောင်ညို) နေပြည်တော် (ဖုန်း ၀၃၁-၇၄၂၇၄၊ ၀၉-၂၅၄၃၅၆၉၄၇) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့နှင့် ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၃၆၆၁ ဒသမ ၉၆၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့နှင့် ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၃၆၆၁ ဒသမ ၉၆၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ဆောင်ရွက်ခဲ့ရာ ဧပြီလမှ ဩဂုတ်လထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၆၄၉၂ ဒသမ ၁၄၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၇၁၆၉ ဒသမ ၈၁၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၆၆၁ ဒသမ ၉၆၃ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် တရုတ်နိုင်ငံသို့ ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံသို့ ဒုတိယအများဆုံး၊ စင်ကာပူနိုင်ငံသို့ တတိယအများဆုံး ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၃၂၁ ဒသမ ၈၅၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂၅၁၀ ဒသမ ၈၂၆ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၈၃၂ ဒသမ ၆၇၆ သန်းဖြင့် အများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံသို့ ပို့ကုန် အမေရိကန် ဒေါ်လာ ၁၈၃၁ ဒသမ ၉၇၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၈၈၄ ဒသမ ၇၂၂ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၇၁၆ ဒသမ ၆၉၃ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံး၊ စင်ကာပူနိုင်ငံသို့ ပို့ကုန်အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၃၉၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၄၇၅ ဒသမ ၁၉၂ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၅၃၇ ဒသမ ၅၈၆ သန်းဖြင့် တတိယအများဆုံး ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း ကုန်သွယ်မှု မိတ်ဖက်ဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် အချို့ဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှသာ တင်ပို့၊တင်သွင်းဆောင်ရွက်ခဲ့ပြီး အချို့ဖောက်သည်ဈေးကွက်နိုင်ငံများသို့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှသာ တင်ပို့၊ တင်သွင်းပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKL



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။**

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

Myanmar MOBILE MONEY

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**ထာဝရလှပသော အပြုံးအတွက်**





**DENTOMEC**

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

(၁) ညှော်ကြိုဝန်ထမ်း – မ (၈) ဦး
- အထက်တန်းအဆင့်၊ အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားရမည်။

(၂) ထမင်းချက် – မ (၂) ဦး
- အသက် (၃၀-၅၀)အတွင်း
- သန့်ရှင်းသပ်ရပ်စွာ လုပ်ကိုင်နိုင်ရမည်။

ဆက်သွယ်ရန်/ 09-257466077 , 09-781089696

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ ကားအရောင်းအဝယ်လုပ်ကိုင်သော ဦးထွန်းမော် (၉/မရတ(နိုင်)၀၇၇၂၅၉)ထံတွင် **ကိုထွန်းထွန်းဝင်း(ခ)ကိုဝင်းထွန်း(၈/ပကခ(နိုင်)၂၂၇၃၇၃)** သည် လွန်ခဲ့သော (၈)နှစ်ခန့်ကတည်းက ဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ယခုအခါ ကိုထွန်းထွန်းဝင်း(ခ)ကိုဝင်းထွန်း သည် အခြားသူများထံမှငွေကြေးများကို လိမ်လည်ယူဆောင်ပြီး ၂၀-၉-၂၀၂၃ ရက်နေ့မှစ၍ ထွက်ပြေးတိမ်းရှောင်သွားပါသဖြင့် ကိုထွန်းထွန်းဝင်း(ခ)ကိုဝင်းထွန်း ပြုမူဆောင်ရွက်ခဲ့သမျှ ပြင်ပကိစ္စရပ်များအားလုံးသည် မိမိနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းမော်**
**(၉/မရတ(နိုင်)၀၇၇၂၅၉)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

### မျောက်ဆုံးကြောင်း

ရွှေတောင်မြို့နေ ဒေါ်အန်ဒြေအာနိုက်(ဘ) ဒေါ်ထွန်းအောက် (၅/ရတန(နိုင်)၁၄၁ ၀၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-014374)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၂၆၃၅၇၉၉၀

စာအုပ်စာပေ
လှူမိတ်ဆွေ

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ အ.ထ.က (ငါန်းဇွန်)တွင် ဒုတိယမူလတန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်သဥ္ဇာထွေး(၅/ငဇန(နိုင်)၀၇၁၇၅၇)၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၁၀-၄-၁၉၈၂ ဖြစ်ပါကြောင်း။

၁၀-၄-၁၉၈၂

## မွေးသက္ကရာဇ်အမှန်

မလှိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 (A) မှ (ဘ) ဦးထွန်းဝင်း (၅/ဘတလ(နိုင်)၀၀၀၃၄၃)၏သား မောင်စောထက်ပိုင် ၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၁-၈-၂၀၀၆ ဖြစ်ပါကြောင်း။

၁-၈-၂၀၀၆

**ကြိုတင်ကာကွယ် မီးအန္တရာယ်**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ" ဟု ဖွင့်ဆိုသည်ကိုလည်း တွေ့ရ ...

❖ လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ် ...

❖ ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့်ပညာနှင့် ဘဝကိုပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများပေးပို့



**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ **MV Royal Venus** ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတို့မှ ပေးပို့သည့် ၉ မီတာကွန်ကရစ်မီးတိုင် အလုံး ၇၀၀၊ ဘိလပ်မြေတန် ၁၀၀၀၊ သံချောင်း ၁၅၄၃ ဒသမ ၁၆ တန်၊ လုပ်ငန်းသုံးယာဉ် ခြောက်စီး၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၃၂၉၃ ဒသမ ၃၁ တန်တင်ဆောင်၍ ယမန်နေ့ညပိုင်းကလည်းကောင်း၊ **MV Charity** ရေယာဉ်သည် **စာမျက်နှာ ၁၈ ကော်လံ ၄ ☆**

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်မှ ကျေးလက်နေ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများပါဝင်သည့်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ပြန်လည်ရောက်ရှိ၊ မြို့ပေါ်နှင့်ကျေးလက်နေ ဒေသခံပြည်သူစုစုပေါင်း ဦးရေ ၅၅၈၀ တို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့** စာမျက်နှာ - ၂၀

### မှတ်သားဖွယ်ရာ မိုးရေချိန်များ
(၂၂-၉-၂၀၂၃)

| | | | | |
|---|---|---|---|---|
| ပိုင်ကျုံ | ၃ | ဒသမ | ၀၀ | လက်မ |
| မချမ်းဘော | ၂ | ဒသမ | ၈၇ | လက်မ |
| နေပြည်တော် | ၂ | ဒသမ | ၄၀ | လက်မ |
| ပုသိမ် | ၁ | ဒသမ | ၈၉ | လက်မ |
| ပူတာအို | ၁ | ဒသမ | ၈၅ | လက်မ |


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563